ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ နယုန်လကွယ်၊ ဗုဒ္ဓဟူးနေ့၊ (2-7-2008) (၅၇၂၇)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

ဆာဘီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဆာဘီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံရသည့် မစ္စတာမာကို ရှက်ချိဗီရှ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရာတွင် နိုင်ငံတော်အစိုးရ၊ပြည်သူ၊ တပ်မတော်နှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင်များ ပါဝင်ကူညီဆောင်ရွက်ပေးခဲ့၍ အချိန်တိုအတွင်းမှာ လုပ်ငန်းများ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရှိနေ နာဂစ်မုန်တိုင်း၏ပျက်စီးဆုံးရှုံးမှု၊ သေဆုံးခဲ့ရမှုများကို သင်ခန်းစာယူပြီး ဖြစ်သလိုနေ၊ ဖြစ်သလိုစားခဲ့သည့်စိတ်ဓာတ်ကို ပယ်ဖျောက် ရသည့်ငွေကိုစုဆောင်းပြီး အခိုင်အမာအဆောက်အအုံဖြင့် ဆောက်လုပ်နေထိုင်မည်ဆိုသည့် စိတ်ဓာတ်မျိုးရှိအောင် စည်းရုံးဆောင်ရွက်

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော် ဇူလိုင် ၁

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသော အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် သည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာပြီး မော်လမြိုင်ကျွန်းမြို့နယ် ကျားဟုန်းကျေးရွာသို့ နံနက် ၈ နာရီ မိနစ် ၄၀ တွင် ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနေသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများက ကျားဟုန်းကျေးရွာမှ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျားဟုန်းကျေးရွာမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ကျန်းမာရေး၊ နေထိုင်စားသောက်ရေး အခြေအနေများ၊ ပံ့ပိုးပစ္စည်းများရရှိမှုနှင့် အသက်မွေးဝမ်းကျောင်းအလိုက်အလုပ်အကိုင်များ လုပ်ကိုင်မှုအခြေအနေတို့ကို မေးမြန်းပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဖျာပုံမြို့နယ် အုန်းပင်ကျေးရွာရှိ လေဘေးပြန်လည်ထူထောင်ရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ လှေတည်ဆောက်ရေး အလုပ်ရုံတွင် တည်ဆောက်ပြီးစီးနေပြီဖြစ်သော ငါးဖမ်းစက်လှေများကို ကြည့်ရှုစစ်ဆေးစဉ်။

(အပေါ်ပုံ) (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုဆောင်းပါး

ခင်ဆွေမြင့်(မြန်မာစာ)၏ "အနာဂတ်ကို လှပအောင် ဖန်တီးသူများ"

(ဆောင်းပါး) စာမျက်နှာ-၆

အတည်ပြုချိန် ၃း၃၀

ကြေးမုံ The Mirror

၂-၇-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

စာပေလောက ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်း အမျိုးသားရေးတာဝန် ကျေပွန်စွာထမ်းဆောင်

နိုင်ငံတိုင်း၊ လူမျိုးတိုင်းက မိမိနိုင်ငံ အမျိုးသားအကျိုးစီးပွား တိုးတက်မြင့်မားရေး ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အဘက်ဘက်ကအလေးထား ဖော်ဆောင်လျက်ရှိသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အထောက်အကူပြုစေရန် ပြည်သူများစာဖတ်မှု အရှိန်အဟုန် မြင့်မားရေး၊ အပျော်ဖတ်စာပေမှသည် နည်းပညာဗဟုသုတ စာပေများ လေ့လာဖတ်ရှုမှု အလေ့အထ ပိုမိုများပြားလာစေရေး နိုင်ငံတော်နှင့် စာပေပညာရှင်များ ပူးပေါင်းကြိုးပမ်းနေကြသည်။

ယခုအခါ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကို ခိုင်ခိုင်မာမာ ဖွဲ့စည်းထားရှိပြီးဖြစ်ရာ စာပေပညာရှင်များ၏ ညီညွတ်သောစွမ်းအား ဖြင့် စာပေလောက ဖွံ့ဖြိုးတိုးတက်ရေး၊ စာပေလောကသားများ ဖွံ့ဖြိုး တိုးတက်ရေး၊ ပြည်သူများအသိဉာဏ်ဗဟုသုတ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားရေးအကျိုးစီးပွားဘက်မှ ထာဝစဉ်ရပ်တည် ဆောင်ရွက်သွား ရေးလုပ်ငန်းစဉ်များ အောင်မြင်စေရန် ဝိုင်းဝန်းကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတော်အစိုးရက စာပေလောကဖွံ့ဖြိုးတိုးတက်ရေးရှေးရှု၍ အမျိုးသားစာပေဆုအပါအဝင် စာပေဆုများကို နှစ်စဉ် ထိုက်ထိုက် တန်တန် အားပေးချီးမြှင့်နေသည်။ စေတနာရှင်၊ စာပေပညာရှင်များက လည်း စာကောင်းပေမွန်များ ပေါ်ထွန်းလာစေရန် စာပေဆု အမျိုးမျိုး တီထွင်၍တစ်တပ်တစ်အား ပံ့ပိုးကူညီ ချီးမြှင့်လျက်ရှိသည်။

ယခုအခါ ဂျာနယ်၊ မဂ္ဂဇင်းအမျိုးမျိုးထုတ်ဝေနေသည့်အပြင် စာအုပ် စာပေအမျိုးအစားပေါင်း သောင်းချီ၍ နှစ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိရာ စာပေပညာရှင်များအနေဖြင့် စာပေရေးသားနိုင်သည့် အခွင့်အလမ်း ကောင်းများ ပိုမိုရရှိနေသည်။

စာပေပညာရှင်များအနေဖြင့် မြန်မာစာပေ စာကောင်းပေမွန်များ ပိုမိုရေးသားထွက်ရှိလာရုံသာမက ကမ္ဘာသုံးဘာသာဖြင့် ထုတ်ဝေ၍ နိုင်ငံ တကာအထိ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိနိုင်ရေး ဆက်လက်ကြိုးပမ်းကြရ မည်ဖြစ်သည်။ တစ်ချိန်တည်းတွင် စာပေဈေးကွက်ကြီးမား ကျယ်ပြန့် လာရေး၊ကျေးလက်ပြည်သူများအကြား စာဖတ်ခြင်းအလေ့အထကောင်း များ ပွားများလာစေရေးတို့ကိုလည်း ဖော်ဆောင်ကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရက စာပေလောကနှင့် စာပေလောကသားများ ဖွံ့ဖြိုးတိုးတက်စေရေး အဘက်ဘက်ကအားပေး ပံ့ပိုးကူညီလျက်ရှိရာ စာပေပညာရှင်များအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူ့ အကျိုးပြု စာကောင်းပေမွန်များ ဆက်လက်ရေးသားရင်း ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရေး အမျိုးသားရေး တာဝန် ကျေပွန်စေ ရေးအတွက် ကျရာအခန်းကဏ္ဍမှ ပါဝင်ကြိုးပမ်း ထမ်းဆောင် သွားကြရ မည်ဖြစ်ပါသည်။ ။

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် သခွပ်ကုန်းရွာနေ ဦးလွန်း-ဒေါ်သန်းရီ၊ သား သမီး မြေးများ မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၁၅၀၀၀ ကို တိပိဋက နှစ်ပုံခွဲဆောင် ဆရာတော် ဦးသီလာစာရထံမှ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ-နိ အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆက်ကပ်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါး နှင့် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးတို့အား ပဥ္စမအကြိမ် ဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်းဆက်ကပ်ပွဲကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၇၁)ရပ်ကွက် ဗညားဒလလမ်းနေ ဦးသန်းအောင်-ဒေါ်စိန်စိန် (မြတ်သစ္စာဓာတ်ပုံတိုက်)၌ ကျင်းပမည်ဖြစ်ရာ သင်္ကန်းနှင့် နေ့ဆွမ်းလှူဒါန်းလိုသူများ ကြိုတင်စာရင်းပေး ကုသိုလ်သဒ္ဓါပွားများ နိုင်ကြောင်း သိရသည်။ (က-ပ)

ပြည်သူ့ သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကုလသမဂ္ဂအဖွဲ့ အစည်းများ၊ INGOs များပါဝင်သော လေဘေးသင့်ပြည်သူများအတွက် အကူအညီပေးရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာအဖွဲ့ အစည်းတို့ ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၁

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်မည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ INGOs များပါဝင်သော လေဘေးသင့် ပြည်သူများအတွက် အကူအညီပေးရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာအဖွဲ့အစည်းတို့ ညှိနှိုင်းအစည်းအဝေးကို ဇွန် ၃၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်း မြို့နယ် စွယ်တော်မြတ်စေတီ အနီးရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်)အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အမျိုးသား သဘာဝဘေး ကာကွယ် စောင့်ရှောက်ရေးဗဟိုကော်မတီအတွင်း ရေးမှူးမုန်တိုင်းသင့်ဒေသများအတွက် အလှူငွေနှင့် ပစ္စည်းများ လက်ခံရေး နှင့် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ မုန်တိုင်းသင့် ပြည်သူများအတွက် ပြန်လည်ထူ ထောင်ရေးနှင့် ပြန်လည်တည် ဆောက်ရေးဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂနှင့် INGOs များမှ အဖွဲ့ခေါင်းဆောင်များနှင့် ဝန်ကြီး ဌာနများမှ တာဝန်ရှိသူများ တက် ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေက ကုလသမဂ္ဂအဖွဲ့ အစည်းများ၊ INGOs များအနေဖြင့် အစားအသောက်များ၊ ရွက်ဖျင်တဲ များ၊ ဆေးဝါးများ အပါအဝင် အရေး ပေါ်ကယ်ဆယ်ရေး၊ အကူအညီပေး ရေးလုပ်ငန်းများကို ဆောင်ရွက်ရာ တွင် အောင်မြင်မှုရှိကြောင်း တွေ့ရှိ ရ၍ အထူးကျေးဇူးတင်ရှိပါကြောင်း၊ ယခုကာလသည် ပြန်လည်ထူ ထောင်ရေးနှင့် ပြန်လည်တည် ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက် ရမည့်ကာလဖြစ်ကြောင်း၊ ထို့အပြင် သဘာဝဘေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဆက်လက်ဆောင် ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က စီစဉ်ဆောင်ရွက်လျက်ရှိသည့် အစီ အစဉ်များတွင် ပူးပေါင်းဆောင်ရွက် ပါက ပိုမိုကောင်းမွန်မည်ဖြစ်ပါ ကြောင်း၊နိုင်ငံတကာအဖွဲ့အစည်းများ၊ အလှူရှင်များ၏ လှူဒါန်းငွေများကို လည်း နိုင်ငံတော်က ချမှတ်ထားသည့် လုပ်ငန်းစဉ်များနှင့်အညီ ထိထိ ရောက်ရောက်အကျိုးရှိစွာ သုံးစွဲစေလို ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် UNFPA မှ ဌာနေ ကိုယ်စားလှယ်Mr.Daniel B.Baker က ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် INGOsများ၏ လုပ်ငန်းဆောင်ရွက် မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကုလသမဂ္ဂအဖွဲ့ အစည်းများနှင့် INGOs အုပ်စု ခေါင်းဆောင်များက မိမိတို့ဆောင် ရွက်နေသည့် လုပ်ငန်းများကိုရှင်းလင်း တင်ပြကြပြီး နိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသည့် ပြန်လည်ထူထောင်ရေး နှင့် ပြန်လည်တည်ဆောက်ရေးလုပ် ငန်းများတွင် အတူပူးပေါင်းဆောင် ရွက်သွားမည်ဖြစ်ကြောင်း ပြောကြား ကြပြီး ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ (သတင်းစဉ်)

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ အတွင်းရေးမှူး၊ မုန်တိုင်းသင့်ဒေသများအတွက် အလှူငွေနှင့် ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်မောင် ဆွေ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် နိုင်ငံတော် အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပြန်လည် ထူထောင် ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက် မည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ INGOs များပါဝင်သော လေဘေး သင့်ပြည်သူများအတွက် အကူအညီပေးရေးနှင့် စီမံခန့်ခွဲရေး ဆိုင်ရာ အဖွဲ့အစည်းတို့ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (လူမှုဝန်ထမ်း)

သီရိလင်္ကာနိုင်ငံ ဆေးကုသရေးအဖွဲ့ လေဘေးသင့်ပြည်သူများအတွက် ဆေးနှင့်ဆေးပစ္စည်းများလှူဒါန်း

ရန်ကုန် ဇူလိုင် ၁

ကျန်းမာရေးဝန်ကြီးဌာနက စီစဉ် ဆောင်ရွက်လျက်ရှိသော လေဘေး သင့် ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံး ပြုရန်သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဆေးကုသ ရေးအဖွဲ့မှ ဆေးနှင့်ဆေးပစ္စည်း ကိရိယာများ လှူဒါန်းပွဲကို ဇွန် ၃၀ ရက် ညနေ ၃နာရီတွင် ရန်ကုန် ပြည်သူ့ဆေးရုံကြီး အရေးပေါ်နှင့် ပြင်ပလူနာဌာနရှိ ကျန်းမာရေး ဝန်ကြီးဌာန ယာယီကွပ်ကဲမှုရုံးခန်း၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ တော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက် တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. P.A.D. Samarasekera က လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး ဆေးကုသရေးအဖွဲ့ ခေါင်းဆောင် Dr. M. Balasuriya က အမေရိကန် ဒေါ်လာ ၃၀၀၀၀ တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်း ၍ ကျန်းမာရေးဝန်ကြီးဌာနကိုယ်စား ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံ အုပ်ကြီး ဒေါက်တာဒေါ်နုနုသာ က လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လေဘေးသင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များတွင် အသုံးပြုရန် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဆေးကုသရေး အဖွဲ့ခေါင်းဆောင်Dr. M. Balasuriya က အမေရိကန် ဒေါ်လာ ၃၀၀၀၀ တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို ရန်ကုန်ပြည်သူ့ ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်နုနုသာထံ ပေးအပ် လှူဒါန်းစဉ်။ (ကျန်းမာရေး)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပဲခူးမြို့၌ ကမာနတ်နှင့် မြောင်းတကာ ဓာတ်အားလိုင်း တာဝါတိုင် တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း) လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၁၁ နာရီခွဲတွင် ပဲခူးမြို့ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ကမာနတ် ပင်မဓာတ်အားခွဲစက်ရုံသို့ ရောက်ရှိရာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များအား ပင်မဓာတ်အားခွဲရုံ အစည်းအဝေးခန်းမ၌ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးအောင်ခိုင်က ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (တောင်ပိုင်း) တွင် ကမာနတ် (ပဲခူး)-သန်လျင် (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း ၆၁မိုင်ကို ဆောင်ရွက်လျက်ရှိရာတည်ဆောက်ရမည့်တာဝါတိုင်၂၇၂တိုင်အနက်၁၉၇တိုင်ကွန်ကရစ်လောင်း ပြီးစီး၍ တာဝါတိုင်တပ်ဆင်ခြင်း ၆၉တိုင် ဆောင်ရွက်ပြီးစီးနေမှုကိုလည်းကောင်း၊ ကမာနတ်(ပဲခူး)-မြောင်းတကာ (၂၃၀)ကေဗွီအေ မဟာဓာတ်အားလိုင်း မိုင်၄၀ ၌ တာဝါတိုင် ၁၈၆တိုင်တွင်တာဝါတိုင် ဖောင်ဒေးရှင်း ၁၅၈ တိုင်နှင့် တာဝါတိုင်တပ်ဆင်ခြင်း၂၆ တိုင်ပြီးစီးနေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက (၂၃၀) KV ပဲခူး (ကမာနတ်) ပင်မဓာတ်အားခွဲရုံ တည်ဆောက်ခြင်းနှင့် ကမာနတ်-မြောင်းတကာ၊ ကမာနတ်-သန်လျင် (၂၃၀) KV မဟာဓာတ်အားလိုင်းများ ချိတ်ဆက်သွယ်တန်းခြင်းသည် ရန်ကုန်မြို့အတွက် လိုအပ်နေသည့် လျှပ်စစ်ဓာတ်အား ဖြည့်ပေးခြင်းစီမံကိန်းဖြစ်၍ အမြန်ပြီးစီးရေးဆောင်ရွက်စေလိုကြောင်း၊ မကြာမီ (၂၃၀)KV ပင်မခွဲရုံနှင့် မဟာဓာတ်အားလိုင်းတည်ဆောက်ပြီးစီးပါက မြောင်းတကာ စက်မှုဇုန်အပါအဝင် ရန်ကုန်မြို့ရှိ စက်မှုဇုန် များနှင့် ပြည်သူများအား လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဝေပေးနိုင်မည်ဖြစ်၍ ဘက်ပေါင်းစုံမှ အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လျှပ်စစ်စွမ်းအားကဏ္ဍမြင့်မားရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ရေရှည်အကျိုးမျှော်မှန်းကာ ကြိုးစားဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များသည် ကမာနတ် ပင်မဓာတ်အားခွဲရုံအတွင်း ဓာတ်အားထိန်းချုပ်ဆောင်ရွက်နေမှုနှင့် ဓာတ်အားအဝင်အထွက်များကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များသည် ကမာနတ်-မြောင်းတကာ (၂၃၀) KV ဓာတ်အားလိုင်း တာဝါတိုင်တပ်ဆင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ပဲခူးမြို့မှ ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

မုန်တိုင်းဒဏ်ကြောင့် အိုးအိမ်ပစ္စည်းများဆုံးရှုံးသွားသော ပြည်သူများအတွက် နေအိမ်များနှင့် စီးပွားရေးလုပ်ငန်းအထောက်အကူပြုပစ္စည်းများ လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၁

မုန်တိုင်းဒဏ်ကြောင့် အိုးအိမ်ပစ္စည်းများဆုံးရှုံးသွားသော ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ၌ နိုင်ငံတော်အစိုးရနှင့်အတူ စေတနာရှင်ပြည်သူများအနေဖြင့် အဖွဲ့အစည်းအလိုက်စုပေါင်း၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ အောက်ပါပစ္စည်းများအတွက် ကျသင့်သောအလှူငွေများကို ရန်ကုန်မြို့ မီးသတ်ဦးစီးဌာနရုံးချုပ်ရှိ နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများအတွက် အလှူငွေနှင့်ပစ္စည်းများလက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

	ပစ္စည်း	သင့်ငွေ
၁။	လူနေအိမ်တစ်လုံး	၆၀၀၀၀ဝိ/-
၂။	(၂၁)ပေရှိ ငါးဖမ်းလှေတစ်စင်း(စက်ပါ)	၄၀၀၀၀ဝိ/-
၃။	(၂၁)ပေရှိ ငါးဖမ်းလှေတစ်စင်း(စက်မပါ)	၂၀၀၀၀ဝိ/-
၄။	လက်တွန်းထွန်စက်တစ်စီး	
	(က) လယ်ယာ-၁၆	၁၀၉၀၀၀ဝိ/-
	(ခ) လယ်ယာ-၂၂	၁၅၅၀၀၀ဝိ/-
	(ဂ) ဧရာ-၁	၁၁၂၈၆၀ဝိ/-
၅။	ဓာတ်မြေသြဇာတစ်အိတ်	၁၈၀၀ဝိ/-

(သတင်းစဉ်)

ရှေ့ဖုံးမှ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျားဟုန်းကျေးရွာအတွင်း လှည့်လည်၍ ဆယ်တင်ပစ္စည်းများ၊ ဒေသန္တရပစ္စည်းများဖြင့် တဲများ ဆောက်လုပ်နေထိုင်မှုအခြေအနေ၊ ပံ့ပိုးရရှိသောငါးဖမ်းပိုက်များနှင့် ဆယ်တင်ပိုက်များဖြင့် ရေလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျားဟုန်းကျေးရွာ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း စီမံဖြည့်ဆည်းပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျားဟုန်းမြစ်အတွင်း ရေယာဉ်ဖြင့်လှည့်လည်၍ မြစ်၏ဝဲ၊ ယာတို့ရှိ လယ်မြေများ၌ မိုးစပါး စိုက်ပျိုးရန် မြေယာပြင်ဆင်ထွန်ယက်နေမှု၊ ပြင်ဆင်ပြီးလယ်မြေတို့၌ပျိုးကြဲနေမှု၊ မိုးစပါးများ စိုက်ပျိုးပြီးစီးနေမှုတို့ကိုလည်းကောင်း၊ ကျားဟုန်းမြစ်အတွင်း ရေယာဉ်များ ပုံမှန်အတိုင်းပြေးဆွဲနေမှု၊ ဒေသနေပြည်သူများ ပုံမှန်ရောင်းဝယ်ဖောက်ကား၊ ကူးသန်းသွားလာနေမှုနှင့် ရေလုပ်သားများ ငါးဖမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျားဟုန်းကျေးရွာဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော မော်လမြိုင်ကျွန်း-ရန်ကုန်ခရီးသည်တင် ရတနာကြည် ရေယာဉ်ပေါ်၌ ဒေသ၏ လယ်ယာစိုက်ပျိုးရေးအတွက် ဖြန့်ဝေပေးမည့် လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုစစ်ဆေးပြီး ရာသီချိန်မီထွန်ယက်နိုင်ရေးအတွက် အမြန်ဆုံးစီမံဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျားဟုန်းကျေးရွာမှ ဒေသနေပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျားဟုန်းကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာရာ လမ်းခရီးတစ်လျှောက်တွင် မိုးစပါးစိုက်ပျိုးရန် ထွန်ယက်နေမှု၊ ပျိုးထောင်ထားရှိမှုနှင့် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နံနက် ၁၀ နာရီမိနစ်၂၀ တွင် ဖျာပုံမြို့သို့ရောက်ရှိကြရာ ဖျာပုံမြို့နယ်လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနေသော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မော်လမြိုင်ကျွန်းမြို့နယ် ကျားဟုန်းကျေးရွာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖျာပုံမြို့၏ ရောင်းဝယ်ဖောက်ကားမှု လုပ်ငန်းများဖြင့် ပုံမှန်အတိုင်း ပြန်လည်စည်ကားနေမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့် ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဖျာပုံမြို့ရှိ ဆရာဇော်ဂျီရာပြည့် စာကြည့်တိုက်ခန်းမသို့ ရောက်ရှိကြရာ ဖျာပုံမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲနေသော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ဖျာပုံမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်များ၏ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့နယ် အုန်းပင်ကျေးရွာရှိ လေဘေးပြန်လည်ထူထောင်ရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ လှေတည်ဆောက်ရေးအလုပ်ရုံသို့ ရောက်ရှိကြရာ ငါးဖမ်းလှေများ တည်ဆောက်နေမှု လုပ်ငန်းအဆင့်ဆင့်ကိုလည်းကောင်း၊ ငါးဖမ်းစက်လှေများတွင် တပ်ဆင်မည့် အင်ဂျင်စက်များနှင့် စက်အထိုင်ပစ္စည်းများကိုလည်းကောင်း၊ တည်ဆောက်ပြီးစီးနေပြီဖြစ်သော ငါးဖမ်းစက်လှေများကိုလည်းကောင်း၊ ရေလုပ်ငန်းသုံးငါးဖမ်းပိုက်နှင့် ပိုက်ပစ္စည်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ မွေးမြူရေးနှင့် **စာမျက်နှာ ၅ ကော်လံ ၁ သို့✳**

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဖျာပုံမြို့နယ် အုန်းပင်ကျေးရွာရှိ လေဘေးပြန်လည်ထူထောင်ရေးအတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ လှေတည်ဆောက်ရေးအလုပ်ရုံတွင် ရေလုပ်ငန်းသုံး ငါးဖမ်းပိုက်နှင့် ပိုက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဖျာပုံမြို့နယ် အုန်းပင်ကျေးရွာရှိ လေဘေးပြန်လည်ထူထောင်ရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန တနင်္သာရီတိုင်း ငါးလုပ်ငန်း ဦးစီးဌာန၏ လှေတည်ဆောက်ရေးအလုပ်ရုံတွင် ငါးဖမ်းစက်လှေများ၌ တပ်ဆင်မည့်အင်ဂျင်စက်များနှင့် စက်အထိုင်ပစ္စည်းများကိုတွေ့ရစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၇-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	‘ပရိတ်ကြီး(၁၁)သုတ်’(ဆရာတော်အရှင်အာစာရာလင်္ကာရ (စစ်ကိုင်းရွှေဟင်္သာ)
၈း၁၀ - ၂း၁၀	Industrial Talk ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ(သုတေသီ)
၈း၄၀ - ၂း၄၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၀၅ - ၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅ - ၃း၁၅	တောင်ကြီးမြို့ရဲ့တုမရှိလောကချမ်းသာစူဠာမုနိ
၉း၃၀ - ၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅ - ၃း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀ - ၃း၄၀	အုန်းခွံပေါ်မှအနုပညာ
၁၀း၁၅ - ၄း၁၅	ခေတ်အဆက်ဆက်ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ
၁၀း၂၅ - ၄း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀ - ၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅ - ၄း၃၅	စားဖွယ်စုံလင်ဒေသအစားအစာအစီအစဉ် (မြိတ်ကတ်ကြေးကိုက်နှင့်မြိတ်ငါးပိသုပ်ပြုလုပ်ပုံ)
၁၀း၅၀ - ၄း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅ - ၄း၅၅	“ကုသစောင့်ရှောက်မနေးပြည်သူအများကျန်းမာရေး” (မန္တလေးတိုင်းရင်းဆေးရုံကြီး)
၁၁း၂၀ - ၅း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၀ - ၅း၃၀	ဟိုင်းကြီးကျွန်းတစ်ဝိုက်ရိုက်ခတ်ခဲ့သောစေတနာလှိုင်းများ
၁၁း၄၅ - ၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀ - ၅း၅၀	Myanmar Video Rhythm.
၁၂း၁၅ - ၆း၁၅	စာပေပညာရှင်များနှင့်တွေ့ဆုံဆွေးနွေးခြင်း (ဒေါက်တာမတင်ဝင်း)
၁၂း၃၅ - ၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀ - ၆း၄၀	Diploma Guide (Secretarial Administration Diploma အကြောင်းသိကောင်းစရာ)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

✱ စာမျက်နှာ ၄ မှ

ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဌေးမြင့်တို့က လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဖျာပုံမြို့နယ် လေဘေးသင့်ပြည်သူများအတွက် ငါးဖမ်းစက်လှေများနှင့် ငါးဖမ်းပိုက်များ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို လှေတည်ဆောက်ရေးအလုပ်ရုံအနီးရှိ မဂ်လာမဏ္ဍပ်၌ ကျင်းပရာ ရှေးဦးစွာ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် နာဂစ်မုန်တိုင်းသည် မိမိတို့နိုင်ငံတွင် အထိအခိုက်အပျက်အစီး ကြီးမားများပြားစေခဲ့သည့် မုန်တိုင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ကြောင့် အချိန်တိုကာလအတွင်း လေဘေးသင့်ဒေသများ၌ ထိရောက်သော ကယ်ဆယ်ရေးနှင့်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

လေဘေးသင့်ပြည်သူများ နောက်ဆက်တွဲရောဂါများ မဖြစ်ပွားအောင် စီမံဆောင်ရွက်ခြင်း၊ နေထိုင်စားသောက်ရေးနှင့် အဝတ်အထည်များအပါအဝင် လိုအပ်မှုများကို အတိုင်းအတာတစ်ခုထိ ပြည်တွင်း၊ပြည်ပ ကူညီမှုများဖြင့် ပေါင်းစပ်၍ ဆောင်ရွက်ပေးခဲ့ကြောင်း။

အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရာတွင် မူလအနေအထားထက် သာလွန်ကောင်းမွန်စေရန် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးဖြည့်ဆည်းမှု၊ စေတနာရှင်အလှူရှင်များ၏ လှူဒါန်းမှုတို့ဖြင့် အိုးအိမ်မဲ့ လေဘေးသင့်ပြည်သူများအတွက် အခိုင်အမာနေအိမ်များကိုလည်း ဆောက်လုပ်ပေးလျက်ရှိကြောင်း။

လေဘေးသင့်ပြည်သူများ မိမိတို့၏ စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရန် လယ်လုပ်ငန်းလုပ်သူများအတွက် ထွန်စက်များ၊ မျိုးစပါးများ ပံ့ပိုးဆောင်ရွက်ပေးခဲ့သဖြင့် ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်နေနိုင်ကြပြီဖြစ်ကြောင်း။

ရေလုပ်ငန်းလုပ်ကိုင်သူများအတွက်လည်း လိုအပ်သော ငါးဖမ်းပစ္စည်းများ အမြန်ဆုံးဖြည့်ဆည်းပေးခြင်းဖြင့် ဝင်ငွေများ ရရှိလာမည်ဖြစ်ကြောင်း၊ ဆားလုပ်ငန်း လုပ်ကိုင်သူများအတွက်လည်း လိုအပ်သောပံ့ပိုးမှုများကို စီစဉ်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း။

လယ်လုပ်ငန်း လုပ်ကိုင်သူများနှင့် ရေလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် လုပ်ငန်းလည်ပတ်မှု ပုံမှန်မရှိမီ စားရေးအတွက် ပူပင်ကြောင့်ကြမှုမရှိစေရန်အတွက်လည်း အတိုင်းအတာတစ်ခုအထိ နိုင်ငံတော်က ဖြည့်ဆည်းပေးမှုများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရာတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်နှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင်များလည်း ပါဝင်ကူညီဆောင်ရွက်ပေးခဲ့၍ အချိန်တိုအတွင်းမှာ လုပ်ငန်းများ အတိုင်းအတာတစ်ခုထိ အောင်မြင်မှုရရှိနေကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဖွံ့ဖြိုးရေးအတွက်သာမက သဘာဝဘေးအန္တရာယ် ကာကွယ်နိုင်ရေးအတွက်ပါ ပင်လယ်ပိုင်းဒေသများတွင် လမ်းကြီးငါးသွယ် ဖောက်လုပ်သွားရန် စီမံထားရှိပြီးဖြစ်ကြောင်း။

နာဂစ်မုန်တိုင်း၏ ပျက်စီးဆုံးရှုံးမှု၊ သေဆုံးခဲ့ရမှုများကို သင်ခန်းစာရယူပြီး ယခင်က ဖြစ်သလိုနေ၊ ဖြစ်သလိုစားသည့်စိတ်ဓာတ်ကို ပယ်ဖျောက်ကာ လုံ့လဝီရိယထား၍ အလုပ်ကို ကြိုးစားလုပ်ကြစေလိုကြောင်း၊ ရရှိသည့်ငွေကို စနစ်တကျစုဆောင်းပြီး အခိုင်အမာအဆောက်အအုံဖြင့် တင့်တောင့်တင့်တယ် ဆောက်လုပ်နေထိုင်မည်ဆိုသည့် စိတ်ထားမျိုးရှိအောင် စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ငါးဖမ်းစက်လှေနှင့် ငါးဖမ်းပိုက်များ လွှဲပြောင်းပေးအပ်ခြင်းအစီအစဉ်ကို ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက ငါးဖမ်းစက်လှေ ၂၀၅ စင်း၊ ကျားပိုက် ၂၅ လက်၊ ဘဝန်းပိုက် ၃၃ လက်၊ သုံးထပ်မျှောပိုက် ၂၅၃ လက်နှင့် ငါးသလောက်မျှောပိုက် ၂၆လက် စုစုပေါင်းပိုက် ၃၃၇လက်တို့ကို ဖျာပုံမြို့နယ် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနေသော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်ထံ ဖျာပုံမြို့နယ် လေဘေးသင့်ပြည်သူများအတွက် နေအိမ် ၃၈၅ လုံးကို ယုဇနဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်က ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းထံ လေဘေးသင့် အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများအတွက် ငွေကျပ် ၁၁၅၀၀၀၀ တန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာပစ္စည်းများကို ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဝင်းအောင်က ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်ထံ မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ထုတ်လုပ်သူများအသင်းက ကြီးမှူး၍ East West Seed International Ltd. က လှူဒါန်းသော ကန်စွန်းမျိုးစေ့ အထုပ် ၂၄၀၀၊ ပေါက်တူး ၁၃၅၇ လက်၊ ထွန်ခြစ် ၁၁၀၇ ခု၊ တူရွင်း ၁၃၅၇ လက်နှင့် မာလာမြိုင်မျိုးစေ့ကုမ္ပဏီမှ လှူဒါန်းသော ငွေကျပ် သိန်း ၂၀၀ တန်ဖိုးရှိသော ချဉ်ပေါင်၊ ဟင်းနုနယ်၊ ဘူး၊ ပဲနှင့် ခရမ်းမျိုးစေ့တို့ကို မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးဝင်းအောင်က ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်ထံ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဌေးမြင့်က ပိုက်ကွန် ၂၂၄လက်၊ ရင်တွန်းပိုက် အလက် ၁၀၀၊ကွင်းတားပိုက်အတို အလက် ၄၀၀ နှင့် အရှည်အလက် ၂၀၀ စုစုပေါင်း ပိုက်မျိုးစုံ ၉၂၄လက်တို့ကို ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသော ဖျာပုံမြို့နယ်မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရေလုပ်သားများနှင့် မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁နာရီ မိနစ် ၅၀ တွင် ဖျာပုံမြို့ရှိ ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်သီသီဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ဆေးရုံဝင်းအတွင်း၌ ခုတင် ၂၀၀ ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်တည်ဆောက်သွားရန် အဆောက်အအုံများ ထပ်မံဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွှန့်စိန်၊ ဆေးရုံအုပ်ကြီးနှင့် ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဖျာပုံမြို့နယ် အုန်းပင်ကျေးရွာရှိ လေဘေးပြန်လည်ထူထောင်ရေးအတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ လှေတည်ဆောက်ရေးအလုပ်ရုံတွင် ငါးဖမ်းစက်လှေများ၌ တပ်ဆင်မည့် အင်ဂျင်စက်များနှင့် စက်အထိုင်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ငါးဖမ်းပိုက်နှင့် ပိုက်ပစ္စည်းများ

ဖျာပုံမြို့နယ် အုန်းပင်ကျေးရွာရှိ လေဘေးပြန်လည်ထူထောင်ရေးအတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ လှေတည်ဆောက်ရေးအလုပ်ရုံတွင် ရေလုပ်ငန်းသုံး ငါးဖမ်းပိုက်နှင့် ပိုက်ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

လှေတည်ဆောက်ရေး အလုပ်ရုံ

ဖျာပုံမြို့နယ် အုန်းပင်ကျေးရွာရှိ လေဘေးပြန်လည်ထူထောင်ရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ လှေတည်ဆောက်ရေးအလုပ်ရုံတွင် တည်ဆောက်ပြီးစီးနေပြီဖြစ်သော လှေများကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုဆောင်းပါး

အနာဂတ်ကို လှပအောင်ဖန်တီးသူများ

ခင်ဆွေမြင့် (မြန်မာစာ)

မြန်မာအမျိုးသမီးများနေ့

၂၀၀၈ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2008

နေရာဒေသတိုင်း၊ အရာဝတ္ထုတိုင်း၊ သက်ရှိသတ္တဝါတိုင်းတွင် အလှကိုယ်စီ စွမ်းရည်ကိုယ်င ရှိကြသည်ဟု နာယူမှတ်သားခဲ့ဖူးပါသည်။ ဆရာဇော်ဂျီ၏ ပေဒါလမ်းကဗျာများကို ဖတ်ဖြစ်သည့်အခါတိုင်း-

စိုးမရွံ့ တွန့်မတုန်
မိုးနှင့်လေ ရေရှုပ်ထွေး
ရွှေးမျှမဖြို။
ဆန်လိုက်ပြန်တုံ
စုံလိုက်ပြန်ရ။
ခေါက်ပေါင်းမရေနိုင်လို့
ပေဒါခိုင်သည်မြစ်ထဲ
ရဲခဲ့သည်ပ့ါ ။

ဟူသောကဗျာတစ်ပိုဒ်ကို အကြိမ်ကြိမ်ရွတ်ဆိုမိပါသည်။ စိုးရွံ့တုန်လှုပ်ခြင်းမရှိဘဲ လောကဓံကို ရဲရဲရင်ဆိုင်နိုင်သော ပေဒါ၏စွမ်းရည်ကို အလွန်သဘောကျနှစ်သက်ခဲ့ပါသည်။

ခရုပတ်ဝဲငယ်ငယ်။
ပေဒါဆွေဒီရေကွေ့မှာ
ပြေးတွေ့ရတယ်။
မဖြစ်လို့ နှစ်တွယ်တွယ်
ဝဲလယ်ကအန္တဲ့။
မပေဒါပတ်ချာလှဲ့
လွှဲထွက်နိုင်ခဲ့။

ဟူသောကဗျာပိုဒ်မှလည်း အခက်အခဲ အကျပ်အတည်းများအကြားမှ ရုန်းကန်ဖောက်ထွက်နိုင်သော ပေဒါ၏ စွမ်းဆောင်ရည်ကို အားကျမိခဲ့ပါသည်။

ပေဒါလမ်း ကဗျာများသည် လူ့လောက၏ သင်္ကေတကဗျာများ ဖြစ်ပါသည်။ ပေဒါလမ်းကဗျာများထဲမှ **"ပန်းအလှပေဒါ"** သည်လည်း ဆရာဇော်ဂျီ ပြောကြားလိုသော ဘဝအားမာန်ရှိသည့် လူသားများ၏ သင်္ကေတနိမိတ်ပုံ ဖြစ်ပါသည်။

ကျွန်မကမူ ကဗျာများထဲတွင် အခါခါတွေ့ရသော **"ပေဒါခင်ပြာလဲ့" "ပေဒါရီပြာလဲ့" "မပေဒါ ပြာလဲ့ပန်း" "ပေဒါမခရီးသည်" "ပေဒါငယ်မယ်မငြင်း" "ပေဒါခိုင်"** ဟူသော အဖွဲ့များ၏ ဩဇာကြောင့်ပင် ဖြစ်ဟန်ရှိပါသည်၊ ပေဒါကို လှပသော၊ နုပျိုသော၊ တက်ကြွသော၊ ထက်မြက်သော၊ ဉာဏ်စွမ်းရည်ရှိသော၊ လုပ်ရည်ကိုင်ရည်ရှိသော၊ အတွေးအမြင်ရှိသော စံထားလောက်သည့် အမျိုးသမီးတစ်ယောက်အဖြစ် မှတ်ယူခံစားမိပါသည်။

"ပေဒါမပန်းသည်ပျို"တွင် ဘဝအားမာန်ရှိသော အမျိုးသမီးများ၏ပုံရိပ်သည် စွဲထင်နေမိပါသည်။

အလှကိုယ်စီ စွမ်းရည်ကိုယ်င ရှိကြသော လောက၌ အမျိုးသားများသည် စိတ်ဓာတ်ခိုင်မာခြင်း၊ ပြတ်သားခြင်း၊ ရဲရင့်ခြင်း၊ ဦးဆောင်နိုင်ခြင်း၊ လက်တွေ့ကျခြင်းစသော ကိုယ်ရည်ကိုယ်သွေးများ ရှိသကဲ့သို့ အမျိုးသမီးများတွင်လည်း သနားကြင်နာတတ်ခြင်း၊ သည်းခံနိုင်ခြင်း၊ ခွင့်လွှတ်နိုင်ခြင်း၊ ဆင်းရဲဒုက္ခကိုခံနိုင်ခြင်း၊ လောကဓံကိုခံနိုင်ရည်ရှိခြင်းစသော ကိုယ်ရည်ကိုယ်သွေးများ ရှိကြပါသည်။ မြန်မာအမျိုးသမီးများတွင်မူ ယင်းသို့သော ကိုယ်ရည်ကိုယ်သွေးမျိုးများသာမက မြန်မာ့လူမှုအဖွဲ့အစည်း၏ လူမှု တန်ဖိုး (social value) ဖြစ်သော လူမှုကျင့်ဝတ် (ethics)များကို လေးလေးစားစား လိုက်နာကျင့်သုံးကြသည့် အရည်အသွေးများ ပါရှိကြပါသည်။

ဗုဒ္ဓသာသနာထွန်းကားသော မြန်မာနိုင်ငံတွင် ဗုဒ္ဓ၏အဆုံးအမဩဝါဒများသည် ယဉ်ကျေးမှု အဆင့်အတန်းမြင့်သော မြန်မာ့လူ့အဖွဲ့အစည်းကို ဖြစ်ထွန်းစေခဲ့ပါသည်။ ဗုဒ္ဓ၏ လမ်းညွှန်သွန်သင်မှုများသည် မြန်မာ့လူ့အဖွဲ့အစည်း၏ လူမှုကျင့်ဝတ်များ ဖြစ်နေပါသည်။ မြန်မာတို့ စွဲစွဲမြဲမြဲလိုက်နာကျင့်သုံးသော မိဘကျင့်ဝတ်ငါးပါး၊ သားသမီးကျင့်ဝတ်ငါးပါး၊ ဆရာ့ကျင့်ဝတ်ငါးပါး၊ တပည့်ကျင့်ဝတ် ငါးပါး၊ ခင်ပွန်း ကျင့်ဝတ်ငါးပါး၊ ဇနီးကျင့်ဝတ်ငါးပါး စသည်တို့သည် သိင်္ဂါလောဝါဒသုတ္တန်လာ ဗုဒ္ဓရှင်တော်ဘုရား ဟောကြားခဲ့သော တရားတော်များ ဖြစ်ပါသည်။

ကုန်းဘောင်ခေတ် ရဟန်းစာဆိုအကျော် သင်္ဂဇာဆရာတော်က ရွတ်ဆို၍လွယ်ကူစွဲမြဲအောင် စကားလုံးရှင်းရှင်း ကာရန်လှလှဖြင့် ထိထိမိမိ သိပ်သိပ်သည်းသည်း ဖွဲ့ဆိုခဲ့သောကြောင့် အာဂုံဆောင်လင်္ကာများအဖြစ် အလွတ်ရနေကြခြင်း ဖြစ်ပါသည်။

"အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိတ္တာကြည်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ" ကိုလည်းကောင်း၊ **"မကောင်းမြစ်တား၊ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်"**ကိုလည်းကောင်း မြန်မာအမျိုးသမီးများသည် မိမိတို့၏ ဘဝလမ်းညွှန်အဖြစ် လက်ခံကျင့်သုံးကြပါသည်။

မြန်မာအမျိုးသမီးများသည် အစဉ်အလာအရလည်း **"သားကိုသခင် လင်ကိုဘုရား"** အမှတ်ထား၍ ခင်ပွန်းသည်နှင့် သားသမီးများကို ပြုစုစောင့်ရှောက်ကြသူများ ဖြစ်ပါသည်။ စားဦးစားဖျား၊ ဟင်းကောင်းကျွေးကောင်းကို မိဘနှစ်ပါး၊ ခင်ပွန်းသည်နှင့် သားသမီးများအတွက် ဖယ်ထားပြီး ငါးပိရည်၊ တို့စရာ၊ အရိုးအရင်း၊ အကတ်အသတ်နှင့် စားရသည်ကိုပင် ကြည်နူးကျေနပ်နေကြသူများ ဖြစ်ပါသည်။

"မောင်တစ်ထမ်း မယ်တစ်ရွက်" ဟူသော စကားပုံကို လက်စွဲပြုသူများ၊ ခင်ပွန်းသည်က ဦးက ထမ်းလျှင် မိမိက ပဲ့ကထမ်းရန် ဝန်မလေးသူများ ဖြစ်ကြပါသည်။

မြန်မာအမျိုးသမီးများသည် ခင်ပွန်းသည်အတွက် ဘဝကိုပေးဆပ်သူ၊ သားသမီးများအတွက် ဘဝကို မြှုပ်နှံသူ၊ နှစ်ဖက်သော မိဘဆွေမျိုးများအတွက် ဘဝကိုအသုံးပြုသူ၊ မြေးများ မြစ်များ တူ တူမများ တပည့်များအတွက် ဘဝကို ခွဲဝေပေးသူများဖြစ်ကြပါသည်။ ဤသို့သောအလုပ်အကျွေးပြုခြင်းများကြောင့် မြန်မာအမျိုးသမီးများသည် လောကကို တာဝန်ယူသူများ၊ လူငယ်လူရွယ်များ၏ အနာဂတ်ကို လှပအောင် ဖန်တီးသူများ ဖြစ်ကြပါသည်။ တစ်နည်းအားဖြင့် အနာဂတ်နိုင်ငံတော်အတွက် လူ့စွမ်းအား အရင်းအမြစ်များကို ပုံသွန်းထုလုပ်ပေးကြသည့် ဗိသုကာ ပညာရှင်များ ဖြစ်ကြပါသည်။

ကျွန်မတို့၏ ရှေ့ကသွားခဲ့ကြသော အဘွားများ၊ အမေများ၊ အဒေါ်များ၊ ကျွန်မတို့၏ အိမ်နီးနားချင်း အမျိုးသမီးများသည် ဤသို့သော မြန်မာအမျိုးသမီးများ ဖြစ်ကြသည်ကို သတိပြုမိကြပါလိမ့်မည်။

ကျွန်မတို့ ညီအစ်မများသည် စနစ်ဇယားကြီးလှသောအဘွား၊ စည်းကမ်းတင်းကျပ်သော အမေနှင့် မျက်စိဒေါက်ထောက်ကြည့်နေသော အဒေါ်အပျိုကြီးများလက်တွင် ကြီးပြင်းခဲ့ကြရသူများ ဖြစ်ပါသည်။ အဘွား၏စနစ်ဇယားကြောင့်အိမ်ကိုထိန်းသိမ်းအုပ်ချုပ်နည်းများ ရခဲ့ကြပါသည်။ အမေ၏ စည်းကမ်းကြောင့် ငွေကြေးပစ္စည်းသုံးစွဲနည်းများ ရခဲ့ကြပါသည်။ အဒေါ်များ၏ အစောင့်အရှောက်ကြောင့် ထမင်းလည်း မချက်ရ၊ အဝတ်လည်းမလျှော်ရဘဲ ကောင်းကောင်းစား လှလှဝတ်ကာ မီးထွန်းပွဲလည်း သွားရ၊ဥပုသ်လည်းစောင့်ရ၊ စာတွေချည်းလည်း ဖိကျက်ခဲ့ရသော ကလေးဘဝကို ပျော်ရွှင်စွာဖြတ်သန်းခဲ့ကြရပါသည်။

ကျွန်မတို့အဘွား အသက် ၃၅ နှစ်အရွယ်တွင် ခင်ပွန်းကွယ်လွန်ခဲ့ပါသည်။ မုဆိုးမဖြစ်ချိန်တွင် သားသမီးငါးယောက် ကျန်ရှိခဲ့ပါသည်။ ဂျပန်ခေတ် စစ်ဖြစ်ချိန်ဖြစ်ခြင်း၊ အမွေမှု ဖြစ်ထားခြင်းများကြောင့် ရွှေမရှိ၊ မြေမရှိ၊ အိမ်တစ်လုံးနှင့် ဂျပန်ငွေစက္ကူတစ်ထုပ်သာ ရှိခဲ့သည်ဟု သိရပါသည်။

သုဝဏ္ဏဘူမိ သထုံသူ မွန်မြန်မာအမျိုးသမီးဖြစ်သောကြောင့် ဖြူဖြူနုနုချောမောလှပသော၊အသက်ငယ်ငယ်အရွယ်ကောင်းကောင်းဖြစ်သောအဘွားသည် တစ်ပင်လဲသည်ကို တစ်ပင်ထပ်ထူရန် စိတ်ကူးမျှပင်မထည့်၊ စကားမျှပင် အဟမခံဘဲ သမီးများဖြစ်သော ကျွန်မ အမေ၊ အဒေါ်တို့နှင့်အတူ ကုန်စုံဆိုင် အဝတ်အထည်ဆိုင်များဖွင့်ကာ သားသမီး ငါးယောက်ကို လူလားမြောက်အောင် ပျိုးထောင်ခဲ့ပါသည်။

သားသုံးယောက်ကိုခရီးရောက်အောင်ပညာသင်ပေးခဲ့သည်။ သားများသည် နိုင်ငံတော်၏ တာဝန်ကို တက်ကြွထက်သန်စွာ ထမ်းဆောင်ခဲ့ကြသူများ ဖြစ်ပါသည်။ သမီးများ၊ မြေးများ၊ တူမများ၊ အခြားမှီခိုသူများဖြင့် နှစ်ဆယ့်နှစ်ယောက်ရှိသော ကျွန်မတို့ အိမ်သားများကိုလည်း မုဆိုးမအဘွားက ထမင်းကျွေးခဲ့ပါသည်။

ရပ်ထဲရွာထဲမှ လူမှုကိစ္စအရှုပ်အရှင်းများကိုလည်း အဘွား၏တစ်ခွန်းဩဇာဖြင့် ပြေလည်အောင် ဖြေရှင်းပေးနိုင်ခဲ့သည်များကို ကျွန်မ မှတ်မိနေပါသည်။ ကျွန်မတို့ မသိမမီလိုက်သော နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်တော်လှန်ရေးများတွင် သူစွမ်းနိုင်သည့်ဘက်က ပါဝင်ခဲ့သည်များကိုလည်း ပုံပြင်များသဖွယ် ကျွန်မနားထောင်ခဲ့ရဖူးပါသည်။

မူလတန်းအထိသာ ပညာသင်ခဲ့ရသော အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် အိမ်ထောင်ပြုခဲ့သော သာမန်မြန်မာအမျိုးသမီးကြီး တစ်ယောက်သည် ကျွန်မတို့ဆွေမျိုးစု၏ မီးရှူးတန်ဆောင်ဖြစ်ခဲ့ပါသည်။ အတုယူဖွယ်၊ ဂုဏ်ယူဖွယ်ဖြစ်ခဲ့ပါသည်။

ကျွန်မတို့၏ မြန်မာ့သမိုင်းတွင် အမျိုးသမီးစာဆိုတော်များ၊ နယ်ချဲ့တော်လှန်ရေးတိုက်ပွဲဝင် အမျိုးသမီးများ၊ အမျိုးသမီး ပညာရှင်များ၊ ခင်ပွန်းသည်အား ပါရမီ ကူညီဖြည့်ကြသည့် အိမ်ရှင်မများ၊ ထူးချွန်ထက်မြက်သည့် သားသမီးများကို ပြုစုပျိုးထောင်ပေးခဲ့ကြသည့် အမျိုးသမီးများ များစွာရှိခဲ့ပါသည်။ "တစ်ဦးခေါင်း တစ်ပညာ" ဟူသော စကားကဲ့သို့ ထူးခြားထင်ရှားသော မြန်မာအမျိုးသမီးများတွင် လည်းကောင်း၊ ကျွန်မတို့ အဘွားကဲ့သို့သော သာမန် မြန်မာအမျိုးသမီးများတွင်လည်းကောင်း စွမ်းရည်ကိုယ်စီ ရှိကြသည်ကို တွေ့မြင်သိရှိခဲ့ကြပြီး ဖြစ်ပါသည်။

ယနေ့ခေတ်ကဲ့သို့ ခေတ်မီသွက်လက်ထက်မြက်လျင်မြန်သည့် ခေတ်မျိုးတွင် မြန်မာအမျိုးသမီးများ သည် မိမိတို့၏ ကိုယ်ပိုင်အရည်အသွေး၊ ကိုယ်ပိုင်ပစ္စည်းဖြစ်သော ကိုယ်စွမ်းရည်၊ ဉာဏ်စွမ်းရည်၊ စိတ်စွမ်းရည်၊ ကိုယ်ကျင့်တရားစွမ်းရည်၊ မြန်မာ့လူ့အဖွဲ့အစည်း၏ သိက္ခာဂုဏ်ရည်ဖြစ်သော လူ့ကျင့်ဝတ်စွမ်းရည်များကိုမေ့လျော့ပစ်ပယ်ခြင်းမပြုဘဲထက်မြက်အောင်မြင်အောင် လေ့ကျင့် စွမ်းဆောင်သင့်လှပါသည်။

ယင်းသို့ဆိုရပါလျှင် **"ပန်းအလှမပေဒါ"** များသည် **"ပေဒါပျံ့အံကိုခဲ၊ ပန်းပန်လျက်ပဲ"** ဟု ကြွေးကြော်ကာ **"ရွက်လင်းယဉ်မြိုင်မြိုင်နဲ့၊ ပန်းတိုင်ကို ပန်းခိုင်ဆိုက်"** နိုင်ကြသည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

မြန်မာအမျိုးသမီးများသည် လောကကို တာဝန်ယူသူများ၊ လူငယ်လူရွယ်များ၏ အနာဂတ်ကို လှပအောင် ဖန်တီးသူများ ဖြစ်ကြပါသည်။ တစ်နည်းအားဖြင့် အနာဂတ်နိုင်ငံတော်အတွက် လူ့စွမ်းအား အရင်းအမြစ်များကို ပုံသွန်းထုလုပ်ပေးကြသည့် ဗိသုကာပညာရှင်များ ဖြစ်ကြပါသည်။

တိုးတက်ဝေဖြာ မေကလျာ

- **လဇူလိုင် သုံးရက်နေ့၊**
  အမျိုးသမီးနေ့ အမှန်။
  တစ်နိုင်ငံလုံး ကျင်းပပြန်
  ပြုံးပန်းလျှံပီတိ။
- **နှစ်ထောင့်သုံးဒီဇင်ဘာမှာ၊**
  အောင်မြင်စွာ *(MWAF)ဖွဲ့ခဲ့ပါဘိ။
- **ဦးတည်ချက်(၇)ရပ်ပေ၊**
  မွန်မြတ်စေ အသိ။
- **ထွင်တတ်လေ မေကဝိတို့၊**
  ပကတိ သက်သေ။
- **နိုင်ငံတော် ဤရက်မြတ်၊**
  ဆုထပ်ထပ် နှင်းအပ်ခဲ့ပေ။
- **ထူးချွန်လို့ ထက်မြက်စေ၊**
  ခက်လက်ဝေ သပြေအလား။
  ထွေထွေပွား ဖြိုးလက်စေတနာ။
  တိုးတက်ဝေဖြာ။
- **ဘက်စုံလှ မေကလျာကို၊**
  ဆွေသဟာ သိကြောင်းပလေး။ ။

(မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-)

မေသစ္စာ

*MWAF=Myanmar Women's Affairs Federation.
=မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

ကလေးမြို့ စကားလှမ္မာရုံ ဓမ္မပိမာန်တော်ကြီး၌ ခုနစ်ရက်တရားစခန်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁

အစဉ်အလာမပျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော နွေရာသီတရားစခန်းပွဲကြီးကို စကားလှမ္မာရုံကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဘဒ္ဒန္တဓမ္မပါလ၏ စီစဉ်ညွှန်ကြားမှုဖြင့် ချင်းပြည်နယ် ဟားခါးမြို့ မြို့မပရိယတ္တိစာသင်တိုက် သာသနာပြုကျောင်းဆရာတော်(မဟာဂန္ထဝါစကပဏ္ဍိတမမ္မာစရိယ B.A) ဘဒ္ဒန္တတေဇောသာရသည် ၁၃၇၀ ပြည့်နှစ် ဝါဆိုလဆန်း ၁ ရက် ဇူလိုင် ၃ ရက်(ကြာသပတေးနေ့)တွင် ကလေးမြို့ စကားလှမ္မာရုံ ဓမ္မပိမာန်တော်ကြီး၌ ခုနစ်ရက်တိုင်တိုင် တရားပြ၊ တရားပွဲများ ကျင်းပမည်ဖြစ်သဖြင့် တရားဝင်၊ တရားအားထုတ်လိုကြသည့် ယောဂီသူများသည် ကလေးမြို့ စကားလှမ္မာရုံကျောင်းသို့ အချိန်မီလာရောက်ကြပါရန် တရားပွဲဖြစ်မြောက်ရေး ဂေါပကအဖွဲ့မှ နှိုးဆော်တိုက်တွန်းထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်း ဂျပန်နိုင်ငံ တပ်မတော်နေ့ အထိမ်းအမှတ်ဧည့်ခံပွဲသို့တက်ရောက်လာရာ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံစစ်သံမှူး Colonel Mitsuji SARATANIနှင့်ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများ၌ မိုးဆက်လက်လျော့နည်းမည်

ရန်ကုန် ဇူလိုင် ၁

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင်နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး ပဲခူးတိုင်းတွင် ဒေသအလိုက်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော်တွင် ၁ဒသမ၄၆ လက်မ၊ တောင်ငူမြို့တွင် ၄ ဒသမ ၃၃ လက်မ၊ ရေးမြို့တွင် ၃ ဒသမ ၉၀ လက်မ၊ တောင်ငူ(လေကြောင်း)တွင်၃ဒသမ၈၂လက်မ၊ ညောင်လေးပင်မြို့တွင် ၃ဒသမ၃၅လက်မ၊ ကျောက်ဖြူမြို့နှင့် ခန္တီးမြို့တို့တွင် ၃ဒသမ၃၁ လက်မစီ၊ သထုံမြို့တွင် ၂ဒသမ၉၁လက်မ၊ မောင်တောမြို့တွင် ၂ဒသမ၇၁လက်မ၊ စစ်တွေမြို့တွင် ၂ဒသမ၆၈လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၂ဒသမ၂၁လက်မနှင့် ဂွမြို့တွင် ၂ဒသမ၁၃လက်မတို့ဖြစ်ကြသည်။ **ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

ဇူလိုင် ၂ရက် ညနေထိ ခန့်မှန်းချက်

ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းနှင့်စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာအနှံ့အပြား၊ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးထစ်ချုန်းပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးဆက်လက်လျော့နည်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၂၉ ဒသမ၁ ဒီဂရီစင်တီဂရိတ်	(၈၄ ဒီဂရီဖာရင်ဟိုက်)	၃၀-၆-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်	(၇၁ ဒီဂရီဖာရင်ဟိုက်)	၁-၇-၂၀၀၈
၀၉း၃၀ နာရီအချိန် စိုထိုင်းဆ	၉၂ ရာခိုင်နှုန်း	၁-၇-၂၀၀၈
နေပူသည့်နာရီပေါင်း	မရှိပါ	၃၀-၆-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁-၇-၂၀၀၈	၁၆မမ(၀ဒသမ၆၃လက်မ)	၁၉မမ(၀ဒသမ၇၄လက်မ)	၅၆မမ(၂ဒသမ၂၁လက်မ)
၁-၁-၂၀၀၈ မှ	၁၀၄၈ မမ	၁၃၁၂မမ	၁၆၂၆ မမ
ယနေ့အထိ	(၄၁ဒသမ၂၆လက်မ)	(၅၁ ဒသမ ၆၅ လက်မ)	(၆၂ဒသမ ၀၂ လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁-၇-၂၀၀၈ ရက် ၉း၃၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ လေးမိုင်နှုန်း တိုက်ခတ်သည်။

တစ်ချက်တည်းကျင်းဝင်

နေပြည်တော် ဇူလိုင် ၁

စစ်ကိုင်းတိုင်းမြန်မာ့သစ်လုပ်ငန်း ကတာဝန်ယူကျင်းပသည့်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၂၂ရက်တွင် မုံရွာဂေါက်ကလပ်၌ကျင်းပရာအနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ဆန်းအောင်သည် ၁၃၇ ကိုက်အကွာအဝေးရှိ ကျင်းအမှတ်(၁၁)၌ Titleist No-(4) ဘောလုံးကို Callaway Iron(7)တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားသည်။

ထိုအချိန်တွင် ပြိုင်ပွဲဝင်ကစားဖော်များအဖြစ်ဗိုလ်မှူးမျိုးဟန်ချင်း၊ ဦးမျိုးဝင်းနှင့် ဦးနေဝင်းတို့လည်း ပါဝင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အောင်ဘာလေထီ ဆုကြီးများစာရင်း

ရန်ကုန် ဇူလိုင် ၁

(၂၃၄)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျပ်သိန်း (၅၀၀)ဆု

ပ- ၉၆၅၁၅၆

ကျပ်သိန်း(၃၀၀)ဆု

ဆ- ၇၀၈၅၅၇
ပ- ၆၃၂၆၉၆

ကျပ်သိန်း(၂၀၀)ဆု

ခ- ၇၄၇၆၂၇
အ- ၆၇၇၈၆၃
ဖ- ၅၁၅၇၉၆
ရ- ၈၄၄၈၄၈

ကျပ်သိန်း(၁၀၀)ဆု

ပ- ၉၆၈၄၄၇
ခ- ၅၀၉၆၇၅
ဍ- ၃၃၅၅၃၆
ဍ- ၇၀၉၉၉၂
ဖ- ၉၁၂၄၀၇
ည- ၁၅၄၂၄၁
ဠ- ၉၇၄၁၂၆
ထ- ၄၂၀၇၅၇
ခ- ၂၁၁၀၅၃
ဠ- ၃၅၅၉၀၆
ဠ- ၃၈၉၄၂၉
ဘ- ၆၅၃၁၂၈
သ- ၁၈၆၈၃၅
ဒ- ၉၂၂၈၂၁
က- ၇၇၈၀၆၇
ဇ- ၁၅၇၈၅၁
တ- ၉၂၆၂၀၈
ထ- ၁၁၇၄၅၀

ကျပ်သိန်း (၁၀၀) (မင်္ဂလာစုံတွဲ)

ဖ- ၅၆၃၀၈၈
တ- ၁၆၈၇၃၀
အ- ၁၁၈၁၇၂
ယ- ၁၅၆၀၄၇
ပ- ၃၂၅၅၅၈
ဖ- ၄၀၀၅၄၉
န- ၄၁၈၆၀၄
ဍ- ၂၁၂၂၉၈
ပ- ၉၁၄၅၉၇
ရ- ၉၈၀၃၆၂
ဈ- ၃၈၆၃၄၇
င- ၁၉၀၀၀၅
ဆ- ၈၂၆၂၀၆
ဝ- ၄၀၆၄၇၃
က- ၉၂၀၅၄၆
ထ- ၆၉၆၂၁၅
ပ- ၄၄၇၅၂၅

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်

ရန်ကုန် ဇူလိုင် ၁

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်) တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၃ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗဟိုလမ်း ဗားဂရာတိုက်အသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဗားဂရာကျောင်းတိုက်အတွင်းရှိ ကျောင်း ပေါင်း ၃၀ တို့မှ သံဃာအပါး ၃၀ တို့အား ပင့်ဖိတ်၍ ဆွမ်း၊ သင်္ကန်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းလိုသူ အသင်းသူ၊ အသင်းသားများသည် အသင်းဓမ္မာရုံ ဗဟိုလမ်း စမ်းချောင်းမြို့နယ်သို့ နံနက် ၉ နာရီ အရောက်ကြွရောက်ပါရန်နှင့် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်များ လှူဒါန်းလိုသော အသင်းသူ၊ အသင်းသားများသည် ဦးသိန်းအောင်(ဥက္ကဋ္ဌ) ဖုန်း-၅၂၆၁၆၄၊ ဦးထွန်းအောင်(ဗိုလ်မှူး-ငြိမ်း)ဒု-ဥက္ကဋ္ဌ ဖုန်း-၅၃၅၀၂၉၊ဦးတင်ဋ္ဌေ(ဒု-ဥက္ကဋ္ဌ) ဖုန်း-၂၂၁၇၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။(က-ပ)

လေဘေးသင့်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုပေး

ရန်ကုန် ဇူလိုင် ၁

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်အသင်းခွဲများဖြစ်သော မန္တလေးမြို့၊ရွှေဘိုမြို့၊ တောင်ကြီးမြို့၊ တောင်ငူမြို့၊ ပြည်မြို့၊ မော်လမြိုင်မြို့၊ ပုသိမ်မြို့နယ်အသင်းများမှ အထူးကုဆရာဝန်ကြီးများနှင့် ဆရာဝန်များ၊ လုပ်အားပေးဆရာဝန်များပါဝင်သော ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များသည် လေဘေးသင့်ဒေသများဖြစ်သော ဧရာဝတီတိုင်းအတွင်းရှိပြင်ခရိုင်၊မကျည်းပင်၊လပွတ္တာ၊ဒေးဒရဲ၊ငပုတော၊ဖျာပုံနှင့်ရန်ကုန်တိုင်းအတွင်းရှိကော့မှူး၊ တွံတေး၊ဒလ၊ ကျောက်တန်း၊ကွမ်းခြံကုန်း၊ ရွှေပေါက်ကံမြို့နယ်များနှင့် ကျေးရွာများသို့ မေ ၂ ရက်မှ ဇွန်လကုန်ထိ (၃၄)ကြိမ်ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ (ကျန်းမာရေး)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂-၇-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

၁၃၇၀ ပြည့်နှစ်၊ (နယုန်လကွယ်နေ့) (ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၅	၄။	တေးဂီတအစီအစဉ်
၈း၀၀	၅။	အတီးပြိုင်ပွဲ
၈း၁၅	၆။	မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီစဉ်
၈း၃၀	၇။	International News.
၉း၀၀	၈။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄း၂၅	၃။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၄၀	၄။	ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၄း၅၅	၅။	စွမ်းဆောင်ရည်မြင့်မား မြန်မာအမျိုးသမီးများ(အပိုင်း-၂)
၅း၃၀	၆။	ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
၆း၀၀	၇။	ညနေခင်းသတင်း
၆း၃၀	၈။	မိုးလေဝသအခြေအနေ
၆း၃၅	၉။	မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆း၅၀	၁၀။	ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၇း၁၀	၁၁။	မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၇း၂၅	၁၂။	"မြန်မာလိုလှစေချင်သည်" [ကြည်စိုး(အိုင်စီ)၊ မျိုးမောင်မောင် သီဟ၊ ရတနာခင်၊ ဝါဝါအောင်] (ဒါရိုက်တာ-ရိုးရိုး)
၈း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သော **"နှင်းဆီသခင်အငြိမ့်"** ဖျော်ဖြေတင်ဆက်မှု အစီအစဉ်
	၁၇။	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာပို့တရားတော်
	၁၈။	အစီအစဉ်ပြီး၏။

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ်၌ ပေါက်ကွဲမှုတစ်ခု ဖြစ်ပွား၊ လူထိခိုက်ဒဏ်ရာရရှိမှုမရှိ ပြည်သူများအနေဖြင့် အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးသမားများအား သတိပြု ဖော်ထုတ် သတင်းပေးပို့ကြရန် သက်ဆိုင်ရာက တိုက်တွန်း နှိုးဆော်ထား

နေပြည်တော် ဇူလိုင် ၁

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ်(၆)ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးရှိ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ယနေ့နံနက် ၆ နာရီခွဲခန့်တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ယင်းကဲ့သို့ ပေါက်ကွဲမှုကြောင့် ရုံးအောက်ထပ်အဝင်တံခါးမကြီး၊ ပြတင်းပေါက်မှန်များ၊ စာရေးစားပွဲသုံးလုံး၊ ကုလားထိုင်ခြောက်လုံး၊ လက်နှိပ်စက်တစ်လုံး၊ တယ်လီဖုန်းကိုယ်ထည်တစ်ခုတို့ ပျက်စီးပြီး အုတ်နံရံအကျယ် ခြောက်လက်မ၊ အမြင့်ကိုးလက်မခန့် ပေါက်ထွက်ပျက်စီးသွားခဲ့ကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ တရားခံအား ဖမ်းဆီးရမိရေးအတွက် တာဝန်ရှိသူများက စစ်ဆေးရှာဖွေဖော်ထုတ်လျက်ရှိပြီး အများပြည်သူတို့အနေဖြင့်လည်း မိမိတို့နေထိုင်ရာ၊ အသက်မွေးဝမ်းကျောင်းမှုပြုရာ၊ ကူးသန်းရောင်းဝယ်မှုပြုရာ အဝန်းအဝိုင်းအတွင်းသို့ အသွင်အမျိုးမျိုးဆောင်ကာ ထိုးဖောက်ဝင်ရောက်လာမည့် ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ အကြမ်းဖက် အဖျက်သမားများကို အထူးသတိပြုစောင့်ကြပ်ကြည့်ရှုဖော်ထုတ်ပြီး တာဝန်ရှိသူများထံသို့ အချိန်မီ သတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

မုန်တိုင်းသင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်း ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် တပ်မတော်(လေ)၏ သမိုင်းမှတ်တမ်းမြင်ကွင်း

မိမိတို့ သတင်းအဖွဲ့ဝင်များသည် ထိုနေ့က ရဟတ်ယာဉ်မှူးကြီး ဒုတိယဗိုလ်မှူးကြီး အောင်ကျော်စိုး မောင်းနှင်သော တပ်မတော် ရဟတ်ယာဉ်ဖြင့် ရန်ကုန်မှ ဘိုကလေးမြို့နယ် ကျေးရွာများသို့ လိုက်ပါခွင့် ရခဲ့သည်။

ခရီးစဉ်၏ ရည်မှန်းချက်ကား မုန်တိုင်းသင့်ကျေးရွာနေ ပြည်သူများအတွက် ဆေးဝါး၊ အစားအသောက်များ၊ ရေသန့်ဘူးများနှင့် ထောက်ပံ့ရေးပစ္စည်းများကို သွားရောက်ပေးပို့ရန် ဖြစ်သည်။

ဤခရီးစဉ်အတွင်း ကျွန်တော် မှတ်မှတ်ရရ ဖြစ်မိသည်က တပ်မတော်(လေ)၏ စွန့်လွှတ်စွန့်စားရဲသော သံမဏိစိတ်ဓာတ်ပင်။

မုတ်သုံမိုးဦးကာလက အစိုးမရ၊ ကောင်းကင်ထုအတွင်း ဝင်ရောက်ပြီးခါမှ မိုးကရွာလျှင်ရွာချတတ်၏။ မိုး၊ လေ၊ နှင်းထု၊ တိမ်ခိုး၊ တိမ်တောင်၊ တောတောင် စသည်တို့သည် ရဟတ်ယာဉ်မှူးကြီးများကို အစဉ်နှောင့်ယှက်မှု ပေးတတ်သည်။

မိမိတို့ သတင်းအဖွဲ့ဝင်များ လိုက်ပါသည့် နေ့တွင်လည်း ရာသီဥတုကား မှိုင်းပျပျဖြစ်နေသည်။ ခရီးစဉ်ကား ဘိုကလေးမြို့နယ် ကျွန်းညိုကြီးကျေးရွာအုပ်စုအတွင်းရှိ တုံးလဲ၊ ကျွန်းထပ်၊ ကျားချောင်း၊ ပျဉ်းမကုန်းနှင့် ထိပ်ချောင်း ကျေးရွာများဖြစ်၏။

ရဟတ်ယာဉ်မှူးကြီးသည် အဆိုပါ ရွာများသို့ မရောက်ရောက်အောင် ဆင်းမည်ဟု သန္နိဋ္ဌာန်ချထား ဟန်ရှိသည်။ လယ်ကွင်းများကြားရှိ ကွင်းမြေ

ပြောင်ပြောင်လေး တွေ့သည်နှင့် ရဟတ်ယာဉ်ကို ထိုးဆင်း၏။ ရဟတ်ယာဉ် ပန်ကာများ လည်ပတ်နေသည့်ကြားမှပင် တပ်မတော်(လေ)မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များက ထောက်ပံ့ရေးပစ္စည်းများကို အခေါက်ခေါက်အခါခါ သယ်ချပေးလျက်ရှိကြသည်။

ကျေးရွာသူ၊ ကျေးရွာသားများကလည်း ရဟတ်ယာဉ်ကို မျှော်ကြသည်။ ရဟတ်ယာဉ်လာလျှင် ပျော်ကြသည်။ ရဟတ်ယာဉ်ဆင်းလျှင် ရွာလုံးကျွတ်မျှ ပြေးထွက်ကြိုဆိုကြပြီး ရဟတ်ယာဉ်တက်လျှင် လက်များအကြိမ်ကြိမ် ဝှေ့ယမ်း၍ လွမ်းမောတသစွာ နှုတ်ဆက်တတ်ကြသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာသော နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများကို လေဘေးသင့် ဒေသများသို့ ဆက်လက်ပို့ဆောင်နိုင်ရန် ရဟတ်ယာဉ်နှင့် မော်တော်ယာဉ်များပေါ်သို့ တပ်မတော်(လေ)မှ ဤကဲ့သို့ ပါဝင်သယ်ယူပို့ ဆောင်ပေးခဲ့ကြသည်။

မေလ ၃ရက်နေ့နံနက် မုန်တိုင်းတိုက်ခတ်မှု မပြီးဆုံးမီကပင် မုန်တိုင်းပြီးဆုံးချိန်၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တပ်မတော်(လေ)မှ FOKKER လေယာဉ်တစ်စင်း၊ ရဟတ်ယာဉ် ၁၀စင်း တို့ကို နိုင်ငံတော်အကြီးအကဲနှင့် အမိက ပုဂ္ဂိုလ်များ လေဘေးသင့်ဒေသများသို့ လိုက်လံစစ်ဆေးရာတွင် ပျံသန်းပို့ဆောင်ပေးခြင်း၊ ပြည်တွင်း၊ ပြည်ပမှ တာဝန်ရှိသူများအား သယ်ယူပို့ဆောင်ပေးခြင်း၊ လေကြောင်းမှ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရိက္ခာနှင့် ထောက်ပံ့ရေးပစ္စည်းပို့ဆောင်ပေးခြင်း၊ လေဘေးသင့် အသင့်အနေအထားဖြင့် ရှိနေခဲ့ကြကြောင်းသိရှိရသည်။

မုန်တိုင်းပြီးဆုံးချိန် ညနေပိုင်းမှစတင်၍ ဇွန်လ ၂၅ရက်နေ့အထိ တပ်မတော်ရဟတ်ယာဉ်များဖြင့်

လေဘေးသင့်ဒေသများမှ လူနာများအား ရန်ကုန်မြို့သို့ တပ်မတော်(လေ)မှ ရဟတ်ယာဉ်များဖြင့် ဤကဲ့သို့ သယ်ယူပို့ဆောင်ခဲ့ကြသည်။

သတင်းဆောင်းပါး

မောင်မောင်ထွေး (သတင်းစဉ်)

ဒေသများမှ လူနာများသယ်ယူခြင်း အပါအဝင်ခေါက်ရေ ၂၄၈ ခေါက်၊ ပျံသန်းချိန် ၅၅၈နာရီ ကျော် ပျံသန်း ဆောင်ရွက်ပေးခဲ့ကြပြီး စုစုပေါင်းကုန်တန်ချိန် ၄၆၃ ဒသမ ၉၁၂ တန် ကို သယ်ဆောင်ပေးခဲ့ကြပြီး ဖြစ်ကြောင်း သိရှိရသည်။

အလားတူ Y-Xနှင့် FOKKER လေယာဉ်တို့ဖြင့် လေဘေးသင့် တန်ကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များမှ ပုသိမ်မြို့သို့ သယ်ယူပို့ဆောင်ပေးခဲ့ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ ခေါက်ရေ ၂၉၉ ခေါက်၊ စုစုပေါင်း ပျံသန်းချိန် ၆၇၁ နာရီကျော် ပျံသန်းခဲ့ကြကြောင်းသိရသည်။

ထို့ပြင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ပုသိမ်လေဆိပ်သို့ ရောက်ရှိလာကြသော ပြည်တွင်း၊ ပြည်ပမှ ပေးပို့

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာသော နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများကို လေဘေးသင့် ဒေသများသို့ ဆက်လက်ပို့ဆောင်နိုင်ရန် ရဟတ်ယာဉ်နှင့် မော်တော်ယာဉ်များပေါ်သို့ တပ်မတော်(လေ)မှ ဤကဲ့သို့ ပါဝင်သယ်ယူပို့ ဆောင်ပေးခဲ့ကြသည်။

ဒေသများသို့ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း ကုန်တန်ချိန် ၃၂ ဒသမ ၂၁၂ ကြကြောင်းကိုလည်း သိရသည်။

တပ်မတော် လေယာဉ်နှင့် ရဟတ်ယာဉ်တို့သည် စုစုပေါင်း လှူဒါန်းသည့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး ပစ္စည်းများအား လက်ခံယူခြင်း၊ သက်ဆိုင်ရာ ဌာနများနှင့် အဖွဲ့အစည်းများသို့ လွှဲပြောင်းပေးအပ်ခြင်း လုပ်ငန်းများကိုလည်း တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ထို့အတူ တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်စုစုပေါင်း ၇၆၆ ဦးတို့သည် လေဘေးသင့်ကျေးရွာ ၃၁ ရွာသို့ သွားရောက်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ တပ်မတော်(လေ) မိသားစုများက လေဘေးသင့် ပြည်သူများအတွက် ဆန်၊ ဆီ၊ ကြက်သွန်နီ၊ ရေသန့်၊ အချိုရည်၊ ကော်ဖီမစ်၊ စားသောက်ဖွယ်ရာ

ခေါက်ရေ ၂၉၉ ခေါက်၊ စုစုပေါင်း ပျံသန်းချိန် ၆၇၁ နာရီကျော် ပျံသန်းခဲ့ကြကြောင်းသိရသည်။

ထို့ပြင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ပုသိမ်လေဆိပ်သို့ ရောက်ရှိလာကြသော ပြည်တွင်း၊ ပြည်ပမှ ပေးပို့

...ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာသော ...ရေးပစ္စည်းများကို လေဘေးသင့် ဒေသ ...ာင်နိုင်ရန် ရဟတ်ယာဉ်နှင့် မော်တော် ...တော်(လေ)မှ ဤကဲ့သို့ ပါဝင်သယ်ယူ ...။

များနှင့် ငွေသားလှူဒါန်းမှုများ အပါအဝင် စုစုပေါင်းငွေကျပ် ၆၂၈၃၇၂၀ ကိုလည်းကောင်း၊ မေလ ၃၀ ရက်နေ့တွင် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ညောင်လန်းကျေးရွာရှိ လေဘေးသင့် ပြည်သူများအတွက် မီးဖိုချောင်သုံးပစ္စည်းများ၊ ဂွမ်းစောင်၊ အဝတ်အထည်၊ ခြင်ထောင်၊ ဆပ်ပြာမှုန့် အပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၃၇၉၂၀၀ကို လည်းကောင်း ထောက်ပံ့ပေးပို့လှူဒါန်းခဲ့ကြသည်။

မိမိတို့ သတင်းအဖွဲ့ဝင်များ ဘိုကလေးမြို့နယ် လေဘေးသင့်ကျေးရွာများမှ ပြန်လည်ထွက်ခွာ

တပ်မတော်(လေ)မှ ဘိုကလေးမြို့နယ်ရှိ လေဘေးသင့်ကျေးရွာများသို့ ထောက်ပံ့ရေးပစ္စည်းများ ဤကဲ့သို့ သယ်ယူပို့ဆောင်ပေးခဲ့ကြသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသော နိုင်ငံတကာမှ ထောက်ပံ့ရေး ပစ္စည်းများကို လေဘေးသင့် ဒေသများသို့ ဆက်လက်ပို့ဆောင်နိုင်ရန် ရဟတ်ယာဉ်နှင့် မော်တော်ယာဉ်များပေါ်သို့ တပ်မတော်(လေ)မှ ဤကဲ့သို့ ပါဝင်သယ်ယူ ပို့ဆောင်ပေးခဲ့ကြသည်။

မုန်တိုင်းပြီးဆုံးချိန် ညနေပိုင်းမှ စတင်၍ ဇွန်လ ၂၅ရက်နေ့အထိ တပ်မတော်ရဟတ်ယာဉ်များဖြင့် နိုင်ငံတော်အကြီးအကဲနှင့် အဓိကပုဂ္ဂိုလ်များ လေဘေးသင့်ဒေသများသို့ လိုက်လံစစ်ဆေးရာတွင် ပျံသန်းပို့ဆောင်ပေးခြင်း၊ ပြည်တွင်း၊ ပြည်ပမှ တာဝန်ရှိသူများအား သယ်ယူပို့ဆောင်ပေးခြင်း၊ လေကြောင်းမှ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရိက္ခာနှင့်ထောက်ပံ့ရေးပစ္စည်းပို့ဆောင်ပေးခြင်း၊ လေဘေးသင့်ဒေသများမှ လူနာများသယ်ယူခြင်း အပါအဝင်ခေါက်ရေ ၂၄၇ခေါက်၊ ပျံသန်းချိန် ၅၅၇နာရီကျော်ပျံသန်းဆောင်ရွက်ပေးခဲ့ ကြပြီး စုစုပေါင်းကုန်တန်ချိန် ၄၆၃ ဒသမ ၉၁၂ တန်ကို သယ်ဆောင်ပေးခဲ့ကြပြီးဖြစ်ကြောင်း သိရှိရ။

လှူဒါန်းသည့် ကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေး ပစ္စည်းများအား လက်ခံယူခြင်း၊ သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများသို့ လွှဲပြောင်းပေးအပ်ခြင်း လုပ်ငန်းများကိုလည်း တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ထို့အတူ တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်စုစုပေါင်း ၇၆၆ ဦးတို့သည် လေဘေးသင့်ကျေးရွာ ၃၁ ရွာသို့ သွားရောက်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ တပ်မတော်(လေ) မိသားစုများက လေဘေးသင့် ပြည်သူများအတွက် ဆန်၊ ဆီ၊ ကြက်သွန်နီ၊ ရေသန့်၊ အချိုရည်၊ ကော်ဖီမစ်၊ စားသောက်ဖွယ်ရာ

လာချိန်က နံနက် ၁၀ နာရီပင် ထိုးလုပြီ။ တပ်မတော်ရဟတ်ယာဉ်ပေါ်မှ အောက်သို့လှမ်းမျှော်ကြည့်သော် ဧရာဝတီသည် ပုံမှန်စီးဆင်းမြဲပင်။

နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ဝေဟင်ပိုင်နက်ကို ခေတ်အဆက်ဆက်၊ သမိုင်းအဆက်ဆက်ကတည်းက ထိန်းသိမ်းကာကွယ် စောင့်ရှောက်လာခဲ့သည့် တပ်မတော်(လေ)၏ မျက်မှောက် ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ချက်များသည်လည်း မြစ်မင်းဧရာဝတီကို သက်သေတည်စေမည့် သမိုင်းဝင်ဆောင်ရွက်ချက်များပင် ဖြစ်ပေသည်။

ရန်ကုန်မြို့ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်သို့ မိမိတို့သတင်းအဖွဲ့ဝင်များ နံနက် ၁၀ နာရီကျော်တွင် ပြန်လည်ရောက်ရှိခဲ့ကြသည်။ ဒုတိယတစ်ခေါက်ပျံတက်ရန်အတွက် တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်များသည် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော် ရဟတ်ယာဉ်ပေါ်သို့ ပျားပန်းခပ်မျှ လှုပ်ရှားတင်ဆောင်ကြဆဲပင်။ ။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသော နိုင်ငံတကာမှ ထောက်ပံ့ရေး ပစ္စည်းများကို လေဘေးသင့် ဒေသများသို့ ဆက်လက်ပို့ဆောင်နိုင်ရန် ရဟတ်ယာဉ်နှင့် မော်တော်ယာဉ်များပေါ်သို့ တပ်မတော်(လေ)မှ ဤကဲ့သို့ ပါဝင်သယ်ယူ ပို့ဆောင်ပေးခဲ့ကြသည်။

မြဝတီ ရုပ်မြင်သံကြား အစီအစဉ်

၂-၇-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀ ၅။ မျိုးချစ်တပ်မတော်
၅း၀၀ ၆။ အမျိုးသားရေးတေးကဗျာ
၅း၂၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၃၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၄၀ ၉။ မြစ်နိုးကြွစေ အမျိုးသားအမွေ
၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၄။ ကာတွန်းအစီအစဉ် **ကျားကလေးရဲ့ မွေးရပ်မြေ အပိုင်း(၈)**
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဒိုးဒိုးဒေါက်ဒေါက် ဘုန်းဘောက် အပိုင်း(၁၄)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေး တေးကဗျာ
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဆန့်ကျင်ဘက် နှလုံးသား အပိုင်း(၂၃)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

မုန်တိုင်းသင့် ရန်ကုန်တိုင်း တွံတေးမြို့နယ်အတွင်း

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝန်ကြီး ဦးစိုးသာ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် မုန်တိုင်းသင့် ရန်ကုန်တိုင်း တွံတေးမြို့နယ်ရှိ ကျေးရွာများမှ လေဘေးသင့်ပြည်သူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်နှင့် ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးနိုင်ရန် ဇွန် ၃၀ ရက် နံနက် ၈ နာရီခွဲတွင် တမံကြီး ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ သွားရောက်ခဲ့သည်။

မုန်တိုင်းဒဏ်ကြောင့် အမိုးလန်သွားသော ကျောင်းဆောင်များ ပြန်လည်ပြုပြင်ပြီးဖြစ်၍ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှု အခြေအနေများကိုလည်းကောင်း၊ ပြိုလဲပျက်စီးသွားသော ကျောင်းဆောင်များ အသစ်ပြန်လည်တည်ဆောက်ပေးမည့် နေရာများကိုလည်းကောင်းကြည့်ရှု၍ကျောင်းခန်းမ၌ တွံတေးမြို့နယ် ပညာရေးမှူးနှင့် ကျောင်း အကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျေးရွာသူ၊ ကျေးရွာသားများအား တွေ့ဆုံကာ လေဘေးသင့်ပြည်သူများအတွက်နိုင်ငံတော်က ပညာရေး၊ ကျန်းမာရေး အပါအဝင် ကဏ္ဍစုံကို အရှိန်အဟုန်မြင့် ပြန်လည်ထူထောင် ဖြည့်ဆည်းပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် တွံတေးမြို့နယ် ကံဘဲ့စံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိ၍ မုန်တိုင်းဒဏ်ကြောင့် စာသင်ဆောင်များ ပြိုကျပျက်စီးမှု အခြေအနေများ၊ စာသင်ဆောင်များ ပြုပြင်ပြီးစီးမှု၊ ပြိုကျပျက်စီးသွားသော ကျောင်းဆောင်များနေရာ၌ ကျောင်းဆောင်အသစ်များ ပြန်လည်ဆောက်လုပ်နိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ခလုပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇောတိကအား ဖူးမြော်ကြည်ညိုပြီး ကျောင်းတိုက်အတွင်းရှိ မုန်တိုင်းဒဏ်သင့်သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းလျှောက်ထားကာ ဆရာတော်ကြီး ကျန်းမာရေးအတွက် ဘီးတပ်ကုလားထိုင်တစ်လုံးကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးက ခလုပ်ကျေးရွာအတွင်းရှိ နေအိမ်များ ပြန်လည်တည်ဆောက်ရန် အခက်အခဲရှိသော လေဘေးသင့်အိမ်ထောင်စု ၁၅ စုတို့အား တစ်ဦးချင်းတွေ့ဆုံမေးမြန်းကာ နေအိမ်များ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ပံ့ပိုးဖြည့်ဆည်းပေးသည်။

ယင်းနောက် လေဘေးသင့်မိသားစုဝင်များအတွက် ဆန်အိတ်များကို တာဝန်ရှိသူများက ပေးအပ်ကြသည်။

ဆက်လက်၍ ဝန်ကြီးသည် ညောင်တံခါး ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိကာ ဘဒ္ဒန္တသုမဏအား ဖူးမြော်ကြည်ညိုပြီး ကျောင်းတိုက်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ကျောင်းဆောင်များကို ပြန်လည်ပြုပြင်ပေးမည့် အခြေအနေများကို လျှောက်ထားသည်။

ယင်းနောက် ဝန်ကြီးသည်ကျောင်းသစ် ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိကာ ဘဒ္ဒန္တဥတ္တမသာရအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ကျောင်းတိုက်အတွက် ဆွမ်းဆန်တော်အိတ်များကို ဆက်ကပ်လှူဒါန်း၍ ကျောင်းတိုက်အတွင်းရှိ အမိုးပျက်စီးသွားသော ကျောင်းဆောင်ကို ပြန်လည်ပြုပြင်ပေးမည့် လုပ်ငန်းအစီအစဉ်များကို လျှောက်ထားသည်။

ဆက်လက်၍ ဝန်ကြီးသည် အိုးဘို(အရှေ့)ရပ်ကွက်မှ နေအိမ်များ ပြန်လည်တည်ဆောက်ရန် အခက်အခဲရှိသော လေဘေးသင့် အိမ်ထောင်စု ၁၅ စုတို့မှ မိသားစုဝင်များအား တွေ့ဆုံ၍ နေအိမ်များ ပြန်လည်တည်ဆောက်ပေးရေးအတွက် ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးကာ လေဘေးသင့် မိသားစုဝင်များအတွက် ဆန်အိတ်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးသည် တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ တွံတေးမြို့နယ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးကော်မတီမှ ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံကာ လေဘေးသင့်ပြည်သူများအတွက် နေအိမ်ပြန်လည်တည်ဆောက်ရန်နှင့် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရန်အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်လုပ်ငန်း အစီအမံများကိုလည်းကောင်း၊ ဆေးပေးခန်းများ၊ စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများအား ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်း အစီအမံများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး ငါးလုပ်ငန်းဦးစီးဌာနမှ ပံ့ပိုးသော ပိုက်ကွန် ၁၉၀ ကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်၍ မြို့နယ်အသင်းအတွင်းရေးမှူးနှင့်အလုပ်အမှုဆောင်များ၊ ရပ်ကွက်ကျေးရွာအုပ်စုတို့မှ တာဝန်ရှိသူများနှင့် အသင်းဝင်များအားတွေ့ဆုံကာ တွံတေးမြို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် အသင်းကြီးအနေဖြင့် ဌာနဆိုင်ရာများ၊ မိဘပြည်သူများနှင့်အတူ စည်းလုံးညီညွတ်စွာ ဆောင်ရွက်သွားကြရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ တွံတေးမြို့နယ် တမံကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲတွင် ကျောင်းဆောင်များ ပြန်လည်ပြုပြင် ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်အောင် သီလရှင်စာသင်တိုက် အဘိဓမ္မာ(၇)ကျမ်း ပူဇော်ပွဲ

ရန်ကုန် ဇူလိုင် ၁

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း သမိဒ္ဓေါဒယသုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင် သီလရှင်စာသင်တိုက်ကြီး၌ ဇူလိုင် ၃ရက် (ကြာသပတေးနေ့) နံနက် ၈နာရီမှစ၍ အဘိဓမ္မာ (၇)ကျမ်း ရွတ်ဆိုပူဇော်ပြီး ဇူလိုင် ၁၁ ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီ၌ အဘိဓမ္မာ(၇)ကျမ်းအောင်ပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဝါဆိုဝတ်စုံလှူဒါန်းပွဲ အခမ်းအနားကို ကျင်းပမည်ဖြစ်ပါ၍ အလှူရှင်များ ကိုယ်တိုင်ကြွရောက် ကြည်ညိုကြပါရန် ဖိတ်ကြားထားသည်။ (က-ပ)

အောင်မင်္ဂလာ မြေဇင်းတောရရိပ်သာ တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁

ကျေးဇူးတော်ရှင် မောင်းထောင်ရွာ ကန္တီဥပနိဿယမြေဇင်းတောရ ဆရာတော်ကြီး၏ ဩဝါဒတော်အရ တပည့်ယောဂီဟောင်းများ စုပေါင်းတည်ထောင်အပ်သော ကန္တီဥပနိဿယမောင်းထောင်မြေဇင်းတောရ တိုက်ခွဲ အောင်မင်္ဂလာ မြေဇင်းတောရရိပ်သာ ဘွက်ကြီးကျေးရွာ မှော်ဘီမြို့နယ် ရန်ကုန်တိုင်းမှတတိယ အကြိမ် ရက် ၆၀ တရားစခန်းဖွင့်ပွဲကို (၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၁ရက်) ဇူလိုင် ၃ ရက် (ကြာသပတေးနေ့)၌ တရားစခန်းဖွင့်ပွဲ ကျင်းပမည်ဖြစ်ပါ၍ ဖုန်း-၀၉-၅၁၂၉၅၂၉ သို့ ဆက်သွယ်ကြွရောက်ပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

ဇူလိုင်လထုတ် People Magazine ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁

၂၀၀၈ ခုနှစ် ဇူလိုင်လထုတ် People Magazine တွင် အလှအပနှင့် ဖက်ရှင်ကဏ္ဍ၊ မင်းသား၊ မင်းသမီးများ၏ အထူးအင်တာဗျူးများ၊ ကျန်းမာရေးကဏ္ဍ၊ နိုင်ငံတကာ ဖက်ရှင်ဒီဇိုင်းများ၊ ကဗျာ၊ ဓာတ်ပုံ၊ ဝတ္ထု၊ အလုပ်အကိုင်၊ နည်းပညာ စသည့် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိလာပြီဖြစ်သည်။ **(အောက်ပုံ)**

မျက်နှာဖုံးရှင် သင်ဇာဝင့်ကျော်၏ Digital ဆန်ဆန် ရိုက်ကူးထားသော ဓာတ်ပုံများနှင့်အတူ၊ Doru မိတ်ကပ်၏ စွမ်းပကားဖြင့် လှချင်တိုင်းလှနေသော ရတနာမိုင်၊ ဆံပင်ပုံစံမျိုးစုံနှင့် လှနေသော ရေဗက္ကာဝင်းရဲ့ စတိုင်လ်များ၊ အမျိုးသားများ၏ အရောင်နုခံစားမှု၊ ကော်ဖီရောင်ခံစားမှု၊ သင်ဇာဝင့်ကျော်နှင့်အတူ အာကာသထဲသို့ အလည်ထွက်ခြင်း၊ ခင်သန်းနု၏ Golden Days Diary၊ မို့မို့မြင့်အောင်နှင့် မေသန်းနုတို့၏ အပြိုင်မဟုတ်ပါ အင်တာဗျူး၊ ရှော့ခ်ဝိညာဉ်ရဲ့ပြယုဂ် နောနော်၊ ဇာတ်လမ်းစုံတဲ့ ကျော်ရဲအောင်၊ နိုင်ငံတကာ ရုပ်ရှင်ခံစားမှုများ၊ တစ်လအတွင်းထွက်မည့် music album များ၊ Mummy မင်းသား Brenden Frenzer အကြောင်းဆောင်းပါး၊ လူကြိုက်များသော ကိုရီးယားမင်းသား၊ မင်းသမီးများ၏ကိုယ်ရေးရာဇဝင်များ၊ မျိုးစန္ဒီကျော်၏အလှအပနှင့် ကျန်းမာရေး အင်တာဗျူး၊ အကြည်တော်ရဲ့ဟာသဖြစ်တည်ရာ၊ မိုးရာသီတွင် ဖြစ်တတ်သည့်ရောဂါ ကျန်းမာရေးဆောင်းပါး၊ ကာလာစုံ Digital ပြတိုက်ဖွင့်လှစ်ခြင်း၊ Digital ရောဂါနှင့် အိမ်ထောင်ရေးခိုင်မြဲစေခြင်း ၁၀ ချက် အထူးဆောင်းပါး၊ ဒစ်ဂျစ်တယ်လ်နည်းပညာများအကြောင်း ဆွေးနွေးကြသည့် မင်္ဂလာပါ ဒစ်ဂျစ်တယ်လ်ခေတ်၊ မိုးဖွဲဖွဲမှာစားမည့် ကွေ့သယို၊ ဘတ်စကက်ဘောအကြောင်း အားကစားဆောင်းပါး၊ Golf ချန်ပီယံ Trevor Iminelamanအကြောင်း၊ ဆုပန်ထွာရဲ့ နှင်းပုံပြင် ခရီးသွားမှတ်တမ်းဆောင်းပါး၊ Rဇာနည်၏ အိမ်ဂေဟာ၊ ပုလဲဝင်း၏တစ်နေ့တာ၊ ငယ်ငယ်အားရင်ဘာလုပ်သလဲ၊ အောင်မြင်သော စီးပွားရေး လုပ်ငန်းရှင်များနှင့် အင်တာဗျူးများ၊ စိုးမြတ်သူဇာ၏ Fun Club၊ Quiz Article၊ ခုနစ်ရက်သားသမီးများအတွက် အထူးဟောစာတမ်း၊ ဇူလိုင်လ အထူးဟောစာတမ်းစသည်တို့ကို ရောင်စုံစာမျက်နှာများဖြင့် လှလှပပ ထွက်ရှိလာပြီဖြစ်သည်။ (သတင်းစဉ်)

စိတ်ဝင်စားဖွယ်သတင်းစုံလင်စွာဖြင့် ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၆၂) ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁

၁၉၉၆ ခုနှစ်က စတင်ထုတ်ဝေခဲ့သည့် ပြည်မြန်မာသတင်းဂျာနယ်၏ ယခုတစ်ပတ်ထုတ် ဂျာနယ်အမှတ် (၆၂)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Sewsone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်တွင် မြန်မာနိုင်ငံ၌ နေရောင်ခြည်မှ လျှပ်စစ်စွမ်းအားထုတ်လုပ်ရန် တိုင်းတာရေးစခန်း ငါးခု ဖွင့်လှစ်ရေးစီစဉ်၊ အင်တာနက်ဂိမ်းကစားရင်း ဆန်လှူဒါန်းနိုင်ပြီ၊ ထီလုပ်ငန်းရှင်များ ထီရောင်းချမှုပုံစံပြောင်းလဲလာ၊ ဒဂုံမြို့သစ် မြို့နယ်လေးခုစလုံး ငမိုးရိပ်ရေ ရရှိမည်၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍ ရန်ကုန်မြို့တွင်း၌ ၂၁၁ မော်တော်ယာဉ်လိုင်းမှ ကားတစ်စီး အခမဲ့ပြေးဆွဲမည်၊ မြန်မာလူထုနှင့်ကိုက်ညီသည့် အဆင့်မြင့်ဗိသုကာ အိမ်ဒီဇိုင်း ငါးမျိုးကို လေဘေးသင့်ဒေသများသို့ စတင်လှူဒါန်း၊ ဆွစ်ဇာလန်တွင် ရုပ်ရှင်သွားရိုက်မည့် ခိုင်နှင်းဝေ၊ ဇေကမ္ဘာမိသားစု၏ လေဘေးသင့်ဒေသစေတီကိုးဆူ သာသနာ့အလှူခရီးတွင် နန္ဒာလှိုင်တို့ဇနီးမောင်နှံ လိုက်ပါလှူဒါန်း၊ ပန်းချီနှင့်ပန်းပု နှစ်မျိုးစပ် အနုပညာလက်ရာများ ပိုမိုလူကြိုက်များလာ၊ ခရီးသည် ရှစ်ရာခန့်ပါဝင်သော ကူးတို့သင်္ဘော မုန်တိုင်းကြောင့်မှောက် ခရီးသည်အားလုံးနီးပါး သေဆုံး၊ တရုတ်က အိုလံပစ်ပြိုင်ပွဲ ကျင်းပမည့် မြို့တိုင်းတွင် မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်များ တပ်ဆင်၊ ကမ္ဘာ့ပထမဆုံး အချိန်ပြည့် လှည့်ပတ်လှုပ်ရှားနေမည့် မိုးမျှော်တိုက်များ ဒူဘိုင်းတွင် တည်ဆောက်မည်၊ ယူရို ၂၀၀၈ ချန်ပီယံ စပိန်အသင်း၏ အောင်မြင်မှု အဓိကလျှို့ဝှက်ချက်၊ တရုတ်ငလျင်ကြောင့် ဖြစ်ပေါ်ခဲ့သော ရေအိုင်ကြီးကို ရှုခင်းသာနေရာအဖြစ် ပြောင်းလဲပစ်မည်၊ ကံကြမ္မာပုံသေနည်းအတိုင်း ဂျာမနီအသင်း အရေးနိမ့်ခဲ့ရ၊ ပဟေဠိဆန်သော ဧရာမ ချိုင့်ခွက်ကြီးက အင်္ဂါဂြိုဟ်၏ ၄၀ ရာခိုင်နှုန်းကိုနေရာယူထား၊ ဖိလစ်ပိုင်တွင် တိုင်ဖုန်းမုန်တိုင်းကြောင့် တောင်ပြိုပြီးရေကြီး လူပေါင်း ရာနှင့်ချီ၍သေဆုံး စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံ ထည့်သွင်းဖော်ပြထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ လပွတ္တာမြို့နယ် ပိုးလောင်းကျေးရွာ တွဲဖက် အခြေခံပညာအလယ်တန်းကျောင်း၌ ကလေးငယ်များပညာသင်ယူနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လပွတ္တာမြို့နယ် လေဘေးသင့်ဒေသများ၌ လူနေအိမ်များဖော်ထုတ်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မှု ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ လှည့်လည်ကြည့်ရှု

ရန်ကုန် ဇူလိုင် ၁

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ကာကွယ်ရေးဝန်ကြီးဌာနမှ တွဲဖက် စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မဝံသကျောင်းသစ်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တကုသလ (တရုတ်-တိုင်ပေဆရာတော်ကြီးစင်းတောက်) ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် အတူ ဇွန် ၂၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာရာ နံနက် ၈ နာရီတွင် ဧရာဝတီတိုင်း လပွတ္တာမြို့နယ် (၃)မိုင် ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး လူနေအိမ်ဖော်ထုတ် တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် (၃)မိုင် ကယ်ဆယ်ရေးစခန်းရှိ လေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးကြပြီး ၅ မိုင် စခန်းလူနေအိမ်၁၀၀၀တည်ဆောက်ရေး စီမံကိန်း ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိရာ မက်စ်(မြန်မာ) ကုမ္ပဏီ အုပ်စုမှဦးဇော်ဇော်ကလပွတ္တာမြို့နယ် ၃မိုင်၊ ၅ မိုင်နှင့် ၇ မိုင် စခန်းများ၌ အခိုင်အမာ လူနေအိမ်များ ဖော်ထုတ် တည်ဆောက်သွားမည့်အစီအစဉ်များ ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ၇မိုင်ရှိ မက်စ်(မြန်မာ)ကုမ္ပဏီအုပ်စု လူနေအိမ် တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုကြရာ တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

လပွတ္တာမြို့နယ် ၃ မိုင်၊ ၅မိုင်နှင့် ၇မိုင်စခန်း ပတ်ဝန်းကျင်၌ မက်စ်(မြန်မာ)ကုမ္ပဏီအုပ်စု၊ကမ္ဘောဇကုမ္ပဏီ နှင့် ဝါဝါဝင်းကုမ္ပဏီတို့က လေဘေး သင့်ပြည်သူများအတွက်လူနေအိမ်အလုံး ၁၀၀၀ စီ စုစုပေါင်း အလုံး ၃၀၀၀ ဖော်ထုတ် တည်ဆောက်သွားမည် ဖြစ်ကြောင်းသိရှိရသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာရာ နံနက် ၁၀နာရီ မိနစ်၂၀တွင် လပွတ္တာမြို့နယ် ပိုးလောင်းကျေးရွာသို့ ရောက်ရှိ၍ ကျေးရွာအတွင်း လှည့်လည်ကြည့်ရှုကြပြီး ကျေးရွာတွဲဖက် အခြေခံပညာအလယ်တန်းကျောင်း၌ ကလေးငယ်များ ပညာသင်ယူနေမှုကို လည်းကောင်း၊မေတ္တာရိပ်မွန်မူလတန်း ကြိုကျောင်းသို့လည်းကောင်းလှည့်လည် ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ဝန်ကြီးနှင့်အဖွဲ့သည် ပိုးလောင်းကျေးရွာ ဘုန်းတော်ကြီး ကျောင်းသို့ ရောက်ရှိကြပြီး ကျေးရွာ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသုမနအားဖူးမြော်ကာ တရုတ်-တိုင်ပေ ဆရာတော်ကြီးက အဆိုပါ ကျောင်း၏ ဆွမ်း၊ ကွမ်းဝေယျာဝစ္စ အတွက် အလှူငွေကျပ်သိန်း ၂၀ ကို ဆရာတော်ဘဒ္ဒန္တသုမနထံ ဆက်ကပ် လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးနှင့် တရုတ်-တိုင်ပေ ဆရာတော်ကြီးတို့သည် လေဘေးသင့် ပြည်သူများအတွက် ရဟတ်ယာဉ်ဖြင့် သယ်ဆောင်လာသော ပလတ်စတစ် စာသင်ခုံ၁၀စုံ၊ဘီစကွတ်ငါးဖာနှင့်ကျား လုံချည်အထည် ၁၀၀ တို့ကို ကျေးရွာ မှတာဝန်ရှိသူများထံထောက်ပံ့ပေးအပ် ကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ပြင်စလူမြို့သို့သွားရောက်ကာ မက်စ် (မြန်မာ)ကုမ္ပဏီအုပ်စုကဆောက်လုပ် လျက်ရှိသည့်လူနေအိမ်သစ်များအခြေ အနေကိုကြည့်ရှုကြပြီး ရှင်းလင်းဆောင် ၌နယ်မြေခံတပ်နယ်မှဒုတိယဗိုလ်မှူး ကြီးငြိမ်းချမ်းကပြင်စလူမြို့၌လေဘေး သင့် ပြည်သူများအတွက် မြေယာများ ဖော်ထုတ်၍ လူနေအိမ်သစ်များ ဆောက်လုပ် နေရာချထားပေးနိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ် သည်များကိုမှာကြားညှိနှိုင်းဆောင်ရွက် ပေးကာဆောက်လုပ်ပြီးလူနေအိမ်သစ် ၌ဇေကမ္ဘာကုမ္ပဏီကဖွင့်လှစ်ရောင်းချ လျက်ရှိသည့် ဝန်ထမ်းသက်သာ စား သောက်ကုန်အရောင်းဆိုင်ကိုဝင်ရောက် ကြည့်ရှုအားပေးသည်။

ပြင်စလူမြို့၌လေဘေးသင့်ပြည်သူ များအတွက် လူနေအိမ်အလုံး ၂၇၀ ကျော်ဆောက်လုပ်ရန် မြေယာများ ဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အိမ်အလုံး ၁၀၀၀ ဆောက်လုပ်ရန် လျာထားဆောင်ရွက်သွားမည်ဖြစ် ကြောင်းသိရှိရသည်။

ယင်းနောက်ဝန်ကြီးဗိုလ်ချုပ်မောင်မောင် ဆွေ၊ တရုတ်-တိုင်ပေ ဆရာတော်ကြီးနှင့် အဖွဲ့သည် ပြင်စလူမြို့မှ ရဟတ်ယာဉ် ဖြင့် ထွက်ခွာလာကြရာ ရန်ကုန်မြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒေးဒရဲမြို့နယ်ကျေးရွာများသို့ သွားရောက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁

သရုပ်ဆောင် ဝါးခယ်မရဲမောင် ဦးဆောင်၍ တာမွေ မေတ္တာညွန့် ရပ်ကွက် လက်ဝဲမင်းဒင်လမ်း၊ စေတနာ လူငယ်များ စုပေါင်း၍ အလက်ာတေးဖြင့် ကူညီပေးမည် အလှူခံအဖွဲ့ဖြင့် တေးသီချင်းများ သီဆိုတီးမှုတ်၍ မေတ္တာညွန့် ကျောက်မြောင်း ရပ်ကွက်များအတွင်း အလှူခံရရှိသော ငွေ ၂၂၇၇၅၀၅ ကျပ်နှင့် အဝတ်အထည် အစား အသောက် ၃၀၅ ထုပ်ကို အေးချမ်း အောင်မြင် အုတ်ခွက်ငွေကျောင်း တော် ဆရာတော်ကြီးထံ ဆက်ကပ်ပြီး **(အောက်ပုံ)** ဆရာတော်ကြီး မတည် ငွေကျပ်သိန်း ၂၀၊ ဒကာများ လှူဒါန်း ငွေအပါအဝင်စုစုပေါင်းငွေကျပ်သိန်း ၁၀၀ ကျော်ဖိုးကို ဒေးဒရဲမြို့နယ် အတွင်းရှိ ရေနက်ချောင်း၊ ဘုရား ကုန်း၊ ကျားကုန်း၊ လေးအိမ်တန်း၊ ရွှေတောင်ကုန်းစသည့် ကျေးရွာများမှ မိသားစု ၇၀၀ ကျော်တို့အား ဆရာ တော်ကြီး ဦးဆောင်၍ သက်ဆိုင်ရာ ကျေးရွာတာဝန်ရှိသူများ ကြီးကြပ်မှု ဖြင့် ဇွန် ၁၈ ရက်တွင် လက်ရောက် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရ သည်။ (က-ပ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက်ရှိနန္ဒဝန်ဥယျာဉ် ကျောင်းတိုက် သုံးထပ်ကျောင်း ဆောင်သစ် ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇွန် ၂၉ရက်က အထက်ပါ ကျောင်းတိုက် ၌ ကျင်းပရာ ဗဟန်းမြို့နယ် ရေတာ ရှည်လမ်းပေါင်းနေ သီရိသုဓမ္မမဏိ ဇောတဓရ၊သီဟသုဓမ္မမဏိဇောတ ဓရ ဦးဘခန့်နှင့် ဇနီး ဒေါ်ခင်ရွှေ (ရွှေအိမ်ဆောက်ပစ္စည်းရောင်းဝယ် ရေးလုပ်ငန်း- စော်ဘွားကြီးကုန်း) မိသားစုတို့က အလှူငွေ ကျပ်သိန်း ၅၀၀ ကို ကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဉာဏိန္ဒထံသို့ ကျောင်းအကျိုးတော်ဆောင် ဦးကြီးမြင့်မှတစ်ဆင့် လှူဒါန်းစဉ်။ (က-ပ)

ပေးအပ်လှူဒါန်း

ဘဏ္ဍာငွေ လက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီး လှသိန်း ဆွေထံ မုန်တိုင်းသင့် ပြည်သူများ အတွက် Tan Chong Group of Malaysia က အမေရိကန် ဒေါ်လာ ၅၀၀၀၀ ပေးအပ် လှူဒါန်းစဉ်။ (ဘဏ္ဍာ/အခွန်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄) အမှတ်(၂၅)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁

ယခုတစ်ပတ်ထုတ်ဖလားဝါးနယူးစ် ဂျာနယ် အတွဲ(၄)၊ အမှတ် (၂၅)တွင် ကိုကို (စက်မှုတက္ကသိုလ်)၏ မိမိကိုယ် မိမိဝေဖန်ခြင်း(၁)**'တိုးတိုးလေးလောက် နှင့်စကြရအောင်'** အယ်ဒီတာ့ ဒိုင်ယာရီ၊**'ဒီရေတောတွေသာယခု ထက်ပိုမိုရှိခဲ့မယ်ဆိုရင်ဒီလောက်ထိ လည်း အသေအပျောက် များမှာ မဟုတ်ဘူး'**သစ်တောသယံဇာတပတ်ဝန်း ကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်း စောင့်ရှောက်ရေးအသင်း အထွေ ထွေ အတွင်းရေးမှူး ဦးအုန်းနှင့် တွေ့ဆုံခြင်း အင်တာဗျူးဆောင်းပါး နှင့်အတူ အသံတုဝိဇ္ဇာဦးရဲမြင့်လေး က ခန္ဓာကိုယ်အတွင်း လျှပ်စစ်စီးဝင် စေကာမီးပြန်လည်ထွန်းပြနိုင်၊ဧရာဝတီ တိုင်းအတွင်းကျန်ရစ်သောဒီရေတော များ ကို လူသားတို့ အကျိုးအတွက် ထပ်မံအသုံးချနေမည်ဆိုပါက**'ဂေဟ'** စနစ်ပျက်စီးပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်၊ နာဂစ်အလွန် ရွှေ့ပြောင်း လုပ်သားများရှိလာနိုင်သဖြင့်စနစ်တကျ စောင့်ကြည့်၍ အကူအညီပေးရန် လိုအပ်၊အောင်ဘာလေထီသိန်း၁၀၀၀ ဆုကြီးမတိုးပါ၊ လတ်တလောတွင် အိမ်ရာ ရောင်းဝယ်တည်ဆောက်ရေး လုပ်ငန်းအချို့ကျဆင်းလျက်ရှိလပွတ္တာ တွင် အိမ်ငှားဈေးနှုန်းများ မြင့်တက် လာ၊စင်ကာပူတွင် ပညာသင်ကြားရင်း အလုပ်လုပ်နိုင်သောဟိုတယ်နှင့်ခရီးသွား လာရေး ဒီပလိုမာဘာသာရပ် သင်ယူ နိုင်၊ မုန်တိုင်းကြောင့် ကျဆင်းခဲ့သော ခရီးသွားလုပ်ငန်းပြန်လည်မြှင့်တင်ရေး အရေးပေါ်စီစဉ်စသည့်ပြည်တွင်းရေးရာ သတင်းများနှင့်အတူ **အကျင့်စာရိတ္တ ကိုတောင်းဆိုခြင်း(၂)၊ ထိုင်းနှင့် မြန်မာ ရွှေ့ပြောင်းအလုပ်သမား ပြဿနာ** စသည့် မျက်မှောက်ရေးရာ သုံးသပ်ဆောင်းပါးများဝေဝေဆာဆာ ဖြင့် ဇွန် ၂၉ ရက်တွင် ထွက်ရှိလာ ပြီဖြစ်သည်။

'ကျွန်တော်တို့ကြောင့် ထိတ်လန့် တုန်လှုပ်စရာ ပျက်စီးမှုကြီး ဖြစ် ပေါ်ခဲ့ရတယ်' အမေရိကန်အထက် လွှတ်တော်အမတ်ချပ်ဟေဂယ်လ်နှင့် တွေ့ဆုံ မေးမြန်းခြင်း၊ နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ ငလျင် ကယ်ဆယ်ရေးပစ္စည်းများ အလွဲ သုံးစားလုပ်မှုဖြင့် တရုတ်အရာရှိ ၁၂ ဦး ရာထူးမှထုတ်ပယ်ခံရ၊ နိုင်ငံခြား အလုပ်သမားခန့်ထားမှုမှ အကျိုး အမြတ်ရယူခြင်းအား ဟန့်တားသည့် စည်းမျဉ်းသစ်များ စင်ကာပူတွင် ချမှတ်၊ မြေငလျင်ဘေးဒဏ်ကြား မယ်သက်ပြင်းလေးမွေးဖွား၊ လက် ဖက်ရည်လေးခွက်က နှလုံးရောဂါ ကာကွယ်နိုင်၊ ပါလက်စတိုင်း အရေး ဆွေးနွေးပွဲ အင်ဒိုက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်၊ မလေးတက္ကစီ သမားများ ထိုင်းသို့ လောင်စာဆီ ခိုးသွင်း၊ အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံ အကုန်အကျခံ၍ မြို့ပြများ အား ဗီယက်နမ်အဆင့် မြှင့်တင် မည် စသည့် နိုင်ငံတကာရေးရာ သတင်းများ၊ စီးပွားရေးသုံးသပ် ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော် ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

(သတင်းစဉ်)

တရုတ်ငလျင် ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ခဲ့ကြသူလူငယ်များအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

ပေကျင်း ဇွန် ၃၀

တရုတ်နိုင်ငံ စီချွမ်ပြည်နယ် အနောက်တောင်ပိုင်း၌ မေ ၁၂ ရက်က လှုပ်ခတ်ခဲ့သော ငလျင်တွင် ကယ်ဆယ်ရေး လုပ်ငန်းများ၌ ပါဝင်ခဲ့ကြသူ လူငယ် ၅၀ အား ၎င်းတို့၏ ရဲရင့်မှုအတွက် ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားကို သောကြာနေ့က ကျင်းပသည်။

နိုင်ငံ၏ နေရာအနှံ့အပြားမှ ပြည်သူ သန်း ၅၀ကျော်ထံမှ ဇွန် ၆ ရက်တွင် စတင်ကာ တယ်လီဖုန်း၊ ဖက်စ်နှင့် အီးမေးလ်တို့မှတစ်ဆင့် ပေးပို့သော မဲများအရ စံပြလူငယ်လေးများကို ရွေးချယ်ကာ ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားသို့ တရုတ်ကွန်မြူနစ်ပါတီ၏ ပြည်သူ့ရေးရာဌာနမှ ဗဟိုကော်မတီဝင် လီချမ်ချွမ် တက်ရောက်၍ ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

အုတ်ကျိုးအုတ်ပဲ့များကြားမှ ၎င်း၏ အတန်းဖော်နှစ်ဦးကို ကယ်တင်ပေးခဲ့သော ဝမ်ချူယန်စီရင်စုယင်ကျူမြို့နယ်မှ အသက်ကိုးနှစ်အရွယ်ရှိ လင်ဟောအိုဆိုသူ ကလေးငယ်နှင့် အခြားကျောင်းသား ၁၉ ဦးတို့အား 'သူရဲကောင်းကလေးငယ်'ဟုလည်း ကောင်း၊ အခြားကလေးငယ် ၃၀ တို့ အား 'စံပြကလေးငယ်'ဟုလည်းကောင်း အမည်တံဆိပ်များ ချီးမြှင့် အပ်နှင်းသည်။

ဂုဏ်ပြုဆု ချီးမြှင့်သည့်အနေဖြင့် ၎င်းတို့သည် တရုတ်ပြည်၏ နာမည်ကြီးဖြစ်သော ပေကျင်းတက္ကသိုလ်နှင့် ကွင်ဟွာအာ တက္ကသိုလ်များ အပါအဝင် အဆင့်မြင့် အထက်တန်းကျောင်း လေးကျောင်း၌ ဝင်ခွင့်မဖြေဆိုရဘဲ ပညာသင်ကြားခွင့် ရရှိကြမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဟားမတ်(စ်)တို့ထိန်းချုပ်ထားသော ဂါဇာ နယ်စပ်ဒေသ ဂိတ်များကို အစ္စရေးတို့ကဖွင့်ပေးလိုက်သဖြင့် ကုန်တင်ယာဉ်များ နယ်စပ်ဖြတ်ကျော်ကာ ဂါဇာသို့ဝင်ရောက်နေသည်ကို ဇွန် ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရှေးလက်ရာများဖြင့် စီခြယ်ထားသော ခေါင်းတလားများ အီဂျစ်ရှေးဟောင်းသုတေသနပညာရှင်များ ရှာဖွေတွေ့ရှိ

ကိုင်ရို ဇွန် ၃၀

ဖာရိုဘုရင် ရေမက်စ်နစ်လက်ထက် ဘီစီ ၁၃ ရာစုအတွင်းက ပန်းချီများနှင့် အလှဆင်ထားသော သစ်သား ခေါင်းတလားများအား အီဂျစ် ရှေးဟောင်းသုတေသနပညာရှင်များအဖွဲ့က ရှာဖွေတွေ့ရှိသည်။ အဆိုပါခေါင်းတလားများကို (၁၈)ကြိမ်မြောက်နှင့် (၁၉)ကြိမ်မြောက် မင်းဆက်များတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ရာထူးရာခံကြီးမားသူများ၏ ဂူသင်္ချိုင်းများ အတွင်းမှ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ဆက်ကွာရာမြို့ အနီးရှိ အီဂျစ် ရှေးဟောင်းပစ္စည်းများ ထိန်းသိမ်းရေးအဖွဲ့ချုပ်မှ ညွှန်ကြားရေးမှူး ဆာဟီဟောဝက်စ်က ကြာသပတေးနေ့တွင် ပြောကြားသည်။

ပြောကြား

ဖွင့်၍မရသောအချို့ခေါင်းတလားများသည် ဘီစီ ၆ ရာစုက ဖြစ်ဟန်တူပြီး အချို့မှာ ဘီစီ ၁၂၇၉ မှ ၁၂၁၃ ခုနှစ်အတွင်း ရေမက်စ်နစ်လက်ထက်က ဖြစ်နိုင်ကြောင်း ၎င်းကပြောကြားသည်။ အရွယ်အစားမျိုးစုံ ရှိသော အဆိုပါခေါင်းတလားများသည်ပိုင်ရှင်များ၏ အဆင့်အတန်းကို ဖော်ပြလျက်ရှိသည်ဟု ကိုင်ရိုတက္ကသိုလ် ရှေးဟောင်း သုတေသနအဖွဲ့ခေါင်းဆောင် အန်းမက်ဆေ့ဒ်က ပြောကြားသည်။ ***အင်တာနက်။***

ကြေးမုံ

The Mirror

နိုင်ငံတကာ သတင်းများ

မိုဆူးမြို့တွင် အသေခံ ကားပုံးခွဲ နှစ်ဦးသေဆုံး

မိုဆူး(အီရတ်) ဇွန် ၃၀

အီရတ်နိုင်ငံ နင်နီးလားပြည်နယ်၏ မြို့တော်မိုဆူးရဲတပ်ဖွဲ့စခန်း အနီးတွင် အသေခံကားပုံးခွဲ တိုက်ခိုက်မှုဖြစ်ရာ လူနှစ်ဦးသေပြီး ၇၀ ဒဏ်ရာ ရရှိကြောင်း ပြည်နယ် ရဲတပ်ဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အသေခံ ကားပုံးခွဲသူသည် မိုဆူးမြို့လယ်တွင်ရှိသော အခါဂျေရဲစခန်း အတွင်းသို့ ယမ်းများ၊ ဗုံးများတင်ဆောင်ထားသည့် ကားကို မောင်းဝင်ရန် ကြိုးစားသော်လည်း အဆောက်အအုံ၏ ဝင်ပေါက် အပြင်ဘက်တွင် ပေါက်ကွဲသွားခဲ့ကြောင်း အမည်မဖော်လိုသူ သတင်းပေးတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ အဆိုပါ ပြင်းထန်သော ပေါက်ကွဲမှုကြောင့် အနီးရှိ ကော်ဖီဆိုင် ပျက်စီးသွားပြီး ပတ်ဝန်းကျင်ရှိ အိမ်များလည်း ပျက်စီးခဲ့ကြောင်း သတင်းပေးသူက ထပ်လောင်း ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

လက်ဘနွန်နိုင်ငံ ထရီပိုလီမြို့မြောက်ပိုင်းတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက်ပျက်စီးသွားသော အဆောက်အအုံ အချို့ကို ဇွန် ၂၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရန်တွင် ဓာတ်ငွေ့အိုးပေါက်ကွဲမှုဖြစ် သေဆုံးသူ ၁၅ ဦးရှိဟု သတင်းထုတ်ပြန်

တီဟီရန် ဇူလိုင် ၁

အီရန်နိုင်ငံ၏ မြို့တော် တီဟီရန် အနီးရှိ မြို့တစ်မြို့တွင် ဓာတ်ငွေ့အိုး ပေါက်ကွဲရာ ၁၅ ဦး သေဆုံးသည်ဟု ယူဆရကြောင်း ဖားစ်သတင်းဌာနက ဇွန် ၃၀ ရက်တွင် ဖော်ပြသည်။

တနင်္ဂနွေနေ့နှောင်းပိုင်းက ဖြစ်ပွားသောထိုပေါက်ကွဲမှု၏ အကြောင်းရင်းကို မသိရသေးပေ။ သို့ရာတွင် ပေါက်ကွဲမှုဖြစ်ပွားသော ဓာတ်ငွေ့အိုးများမှာ ချက်ပြုတ်ရာ၌ အသုံးပြုသော ဓာတ်ငွေ့အိုးများဖြစ်ကြောင်း ဖားစ်အေဂျင်စီက သတင်းပေးသည်။

အဆိုပါပေါက်ကွဲမှုသည် ရည်ရွယ်ချက်ဖြင့် ပြုလုပ်သော ပေါက်ကွဲမှုဖြစ်သည် သို့မဟုတ် မတော်တဆမှုကြောင့် ဖြစ်ပွားသော ပေါက်ကွဲမှုဖြစ်သည်ကို ရှင်းလင်းစွာ မသိရသေးဟုဆိုသည်။ ထိုပေါက်ကွဲမှုမှာ တီဟီရန်မြို့အနောက်ပိုင်းဆင်ခြေဖုံးရှိ ကာရာချ်အရပ်တွင် ဖြစ်ပွားခြင်းဖြစ်သည်။

ယင်းပေါက်ကွဲမှုကြောင့် သေဆုံးရသူ အရေအတွက်မှာ ၁၅ ဦး ရှိသည်ဟုသာ ဖားစ်သတင်းဌာနက ဖော်ပြပြီး အဖြစ်အပျက် အသေးစိတ်ကိုမူ ထုတ်ပြန်ခြင်းမပြုကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်နိုင်ငံ ဇီအန်မြို့ရှိ လေယာဉ်တည်ဆောက်ရေးအလုပ်ရုံက ထုတ်လုပ်သော အမ်အေ ၆၀၀ အမျိုးအစား တာဘိုပရော့လေယာဉ်ကို ဇွန် ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့ဝင်များ လက်ချက်ဖြင့် အီရတ် အရပ်သားကိုးဦး သေဆုံး

ဘဂ္ဂဒက် ဇွန် ၃၀

အမေရိကန်တပ်ဖွဲ့ဝင်၏ ပစ်ခတ်မှုကြောင့် အီရတ်အရပ်သား ကိုးဦး သေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်ကြေညာသည်။ ဖြစ်ပွားမှုတွင် အမေရိကန်တပ်ဖွဲ့ဝင်များက စတင်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ထိုအဖွဲ့က ပြောကြားသည်။

တိုက်ပွဲဖြစ်ပွားပြီးနောက် ဘဂ္ဂဒက်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်အနီးတွင် အမေရိကန် စစ်ဘက်ဆိုင်ရာ ယာဉ်တန်းရပ်တန့်ထားသည်။ ထိုအခိုက်တွင် အရပ်ဘက် ယာဉ်တန်းမှ ကျော်ဖြတ်ရာ ၎င်းယာဉ်တန်းအား ရပ်တန့်ရှာဖွေ စစ်ဆေးနေစဉ် ပြင်းထန်သည့် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားကာ အရပ်သားသုံးဦး သေဆုံးခဲ့ရသည်။

ဘဂ္ဂဒက်မြို့အရှေ့ဘက်တွင် ဇွန် ၂၅ ရက်က လမ်းဘေးဗုံး ပေါက်ကွဲခဲ့သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရကြောင်း အမေရိကန် စစ်ဘက်က သောကြာနေ့တွင် ကြေညာသည်။ ၂၀၀၃ ခုနှစ် အီရတ်စစ်ပွဲ စတင်ချိန်မှစ၍ ရေတွက်လျှင် အမေရိကန်တပ်ဖွဲ့ဝင် အနည်းဆုံး ၄၁၁၀ သေဆုံးခဲ့ရပြီးဖြစ်ကြောင်း လေ့လာမှုများအရ သိရသည်။

အင်တာနက်။

ရုရှား၌ လေ့ကျင့်ရေးရဟတ်ယာဉ် ပျက်ကျမှုကြောင့် ငါးဦး သေဆုံး

မော်စကို ဇွန် ၃၀

ရုရှားနိုင်ငံ မော်စကိုမြို့ ဆာပေါဟောခရိုင် ပွတ်ချီနိုမြို့အနီး၌ ဇွန် ၂၇ ရက်က အင်တိုနေ့ အင်-၁၂ အမျိုးအစား လေ့ကျင့်ရေးရဟတ်ယာဉ် တစ်စင်းပျက်ကျခဲ့ရာ လူငါးဦးသေဆုံးကြောင်း ရုရှားနိုင်ငံ အရေးပေါ်ဝန်ကြီးဌာနက ပြောကြားသည်။

၎င်းရဟတ်ယာဉ်သည် ပွတ်ချီနိုမြို့အနီးရှိ ဘိုးလ်ရှိုရိုဂရိဇလိုဗို လေယာဉ်ကွင်းမှ လေ့ကျင့်ပျံသန်းစဉ် မီးလောင်ပျက်ကျခဲ့ခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ပွားရာနေရာ၌ သေဆုံးသူများနှင့် ရဟတ်ယာဉ် ပိုင်ရှင်ကို သိရှိရန် စစ်ဆေးလျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

✳ ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

✳ လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

ကြေးမုံ The Mirror

မောင်မောင်ထွေး (သတင်းစဉ်)၏ သတင်းဆောင်းပါး စာမျက်နှာ - ၈၉

တပ်မတော်လေယာဉ်နှင့် ရဟတ်ယာဉ်တို့သည် စုစုပေါင်းခေါက်ရေ ၂၉၉ ခေါက်၊ စုစုပေါင်းပျံသန်းချိန် ၆၇၁ နာရီကျော် ပျံသန်းခဲ့ကြ။

ထို့အတူ တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည် စုစုပေါင်း ၇၆၆ ဦးတို့သည် လေဘေးသင့်ကျေးရွာ ၃၁ ရွာသို့ သွားရောက်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြ။

လက်တွန်းထွန်စက်နှင့် မျိုးစပါးများ ပြင်စလူမြို့နှင့် ကျေးရွာများသို့ ဖြန့်ဝေ

ရန်ကုန် ဇူလိုင် ၁

ပြင်စလူမြို့နှင့် ကုန်းကြီးကျေးရွာအုပ်စုရှိ ကျေးရွာများ၌ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ သောက်ရေကန်များ၊ လယ်မြေများ၌ ဝင်ရောက်နေသော ရေငန်များ ဖောက်ထုတ်ဆယ်တင်ခြင်း လုပ်ငန်းများပြီးစီးပြီဖြစ်သည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းကလည်း ပြင်စလူမြို့ရှိ ရပ်ကွက်သုံးရပ်ကွက်နှင့် ကျေးရွာ ၁၁ ရွာရှိ တောင်သူများ လယ်ယာလုပ်ငန်းခွင်ဝင်ရောက်နိုင်ရန် လက်တွန်းထွန်စက် ၇၆ စီးနှင့် မျိုးစပါးတင်း ၁၆၈၉ တင်းတို့ကို တောင်သူလယ်သမားများထံဖြန့်ဝေပြီးဖြစ်ရာ မျိုးစပါးစိုက်ပျိုးရန် ဧက ၇၀၀ ကျော် မြေပြင်ထွန်ယက်ပြီးဖြစ်သည်။

ပြင်စလူမြို့နှင့် ကျေးရွာနေပြည်သူများ လွယ်လင့်တကူ ဝယ်ယူရရှိနိုင်ရန် မီးဖိုချောင်သုံးစားသောက်ကုန်များကို ဇေကမ္ဘာကုမ္ပဏီက အထူးအရောင်းဆိုင်ဖွင့်လှစ်၍ ရောင်းချပေးလျက်ရှိသည်။ (သတင်းစဉ်)